ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့ (18-2-2014) (၇၇၆၀)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ဖလမ်း	၁	ဒသမ ၁၀ လက်မ
တီးတိန်	သုည ဒသမ ၉၁ လက်မ
ဟားခါး	သုည ဒသမ ၇၃ လက်မ
မော်လိုက်	သုည ဒသမ ၆၃ လက်မ
ကလေးဝ	သုည ဒသမ ၆၁ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယနေ့ rmwdm

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် လူမှုဖူလုံရေး ဥပဒေသစ် စာမျက်နှာ - ၂

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ဒုချီးရားတန်းကျေးရွာဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆက်လက်စုံစမ်း စာမျက်နှာ - ၉

မတ်လအတွင်း နယ်လှည့်သက်တမ်းတိုးခြင်း ဆောင်ရွက်ပေးမည် စာမျက်နှာ - ၁၀

ဓာတ်ပေါင်းဖိုနှင့် ရေနံဗလုယ်ရေး ရုရှားနှင့် အီရန် သဘောတူညီမှု ရရှိ စာမျက်နှာ - ၁၄

ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေမှု လုပ်ငန်းစဉ်များ ဆွေးနွေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျာမနီနိုင်ငံ ကွန်ရာ့တ်အာဒမ်နိုရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ ဥရောပပါလီမန်အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌဟောင်း Dr. Hans-Gert Pottering အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂျာမနီနိုင်ငံ ကွန်ရာ့တ်အာဒမ်နိုရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဥရောပပါလီမန် အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌဟောင်း Dr. Hans-Gert Pottering ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးစွာဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်တိုးတက်ပြောင်းလဲလျက်ရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှုလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးဆိုင်ရာများအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အယ်လ်စိုး (Iprd)

ကြယ်ပွင့်ပြမြို့ မူဆယ်ဖွံ့ဖြိုးတိုးတက်မှု

မူဆယ် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စနစ်ပြောင်း၊ ခေတ်ပြောင်း ၂၀၁၁ ခုနှစ်မှစပြီး နိုင်ငံအဝှမ်းဒေသဖွံ့ဖြိုးရေးပြောင်းလဲမှုများကို အစိုးရသစ်က အစွမ်းကုန်ဖော်ဆောင်ရာတွင်မြို့ပြသစ်တည်ဆောက်မှုများကိုလည်း နိုင်ငံတကာပုံစံနှင့် ညီစေရေးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ထိုသို့ နိုင်ငံအတွင်း ဒေသဖွံ့ဖြိုးရေးတည်ဆောက်မှုထဲမှ စက်မှုဖွံ့ဖြိုးရေးဇုန်သစ်များတွင် အရှေ့မြောက်တံခါးပေါက်မြို့ မူဆယ်ကိုလည်း မြို့ပြသစ်အဖြစ် တည်ဆောက်သွားရန်မှာ အစိုးရသစ်၏ စီမံကိန်းတစ်ခုဖြစ်ကြောင်း တင်ပြလိုပါသည်။ တစ်ချိန်က မူဆယ်မြို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ သာမန်မြို့နယ်လေးသာ ဖြစ်ခဲ့သည်။ သို့သော် နေရာ၊ အချိန်အခါ၏ ပြောင်းလဲလာသော ကုန်စည်စီးဆင်းမှုကြောင့် တစ်ဖက်နိုင်ငံ၏ တံခါးပေါက်အဖြစ် အသုံးပြုခဲ့ရာ အားလုံးထဲမှ ဆယ်စုနှစ်အတွင်းပြောင်းလဲတိုးတက်မှုကား အဆပေါင်းများစွာ တိုးတက်ခဲ့လေပြီ။

ယခုအခါ မူဆယ်ဗဟိုစီးပွားရေးဖွံ့ဖြိုးရေးဇုန် စီမံကိန်းဝင်တစ်ခုဖြစ်သော ဒေသအတွင်း ဖွံ့ဖြိုးရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ကြေးမုံစာတည်းရှုထောင့် ၁၈-၂-၂၀၁၄၊ အင်္ဂါနေ့

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် လူမှုဖူလုံရေးဥပဒေသစ်

မိမိတို့နိုင်ငံတွင် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့်အတူ ဟန်ချက်ညီစေရေးတွင် နိုင်ငံသားများအတွက် အမှန် တကယ်လိုအပ်နေသည့် ဥပဒေသစ်များကို ပြဋ္ဌာန်းပေးလျက်ရှိနေရာ လူမှုဖူလုံရေးဥပဒေသစ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ လူမှုဖူလုံရေးဥပဒေသစ်စတင် ပြဋ္ဌာန်းချိန်တွင် ပါဝင်သည့် အာမခံစနစ်များအနက် ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှု အာမခံစနစ်၊ ဤသုံးမျိုးကို ဦးစားပေးစတင်အကောင်အထည်ဖော်ဆောင်သွားမည်ဟု သိရသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရာတွင် အလုပ်ရှင်၊ အလုပ်သမား၏ ထည့်ဝင်ကြေးငွေ ရာခိုင်နှုန်းများ၊ ခံစားခွင့်ရရှိလာမည့် ကျန်းမာရေး အကျိုးခံစားခွင့်နှင့် မီးဖွားမှုအကျိုးခံစားခွင့်၊ နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်များကို လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကိုယ်တိုင် ရှင်းလင်းမိန့်ကြားသွားခဲ့သည်။

အာမခံအလုပ်သမားများအတွက် ခိုင်မာသော အထောက်အထားအဖြစ် လူမှုဖူလုံရေးအာမခံ စိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိနေပြီး ထိုကတ်ပြားရှိသူနှင့် မိသားစုဝင်များပါ ဆေးဝါးကုသမှုရအောင် စီစဉ်ဆောင်ရွက်မှုရှိနေကြောင်းလည်း သိရသည်။ အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးဆေးခန်းများ၊ အလုပ်သမားဆေးရုံကြီးများတွင် သာမက အခြားသောလက်လှမ်းမီရာ ပြည်သူ့ ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများတွင်ပါ အလွယ်တကူဆေးကုသမှုခံယူနိုင်စေရန် စာချုပ်ဆေးရုံဆေးခန်းစနစ်ကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရသည်။ တစ်ဖက်တွင်လည်း အလုပ်သမားများ လုပ်ငန်းခွင်မပျက် ဆေးကုသမှု ခံယူနိုင်စေရေးအတွက် ရွေ့လျားဆေးကုသယာဉ်စနစ်ဖြင့် ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိနေသည်။ ပေါ်ထွန်းလာမည့် လူမှုဖူလုံရေးဥပဒေသစ်၏ အကျိုးကျေးဇူး။ တစ်နည်းပြည်သူများဘဝ လုံခြုံစိတ်ချအာမခံ မှုတစ်ရပ်လည်း ဖြစ်ပါသည်။

တစ်ဆက်တည်းမှာ ထန်းတစ်ပင်မြို့နယ်ရှိ တီဘီဆေးရုံအား အထွေထွေရောဂါကု အလုပ်သမားဆေးရုံအဖြစ် ပြောင်းလဲဖွင့်လှစ်လိုက်ကြောင်း သိရသည်။ ၂၀၀၃ ခုနှစ်တွင် တီဘီဆေးရုံအဖြစ် ဖွင့်လှစ်ပေးခဲ့သော ဤဆေးရုံသည် လိုအပ်ချက်အရ ယခုအလုပ်သမားဆေးရုံသစ်ကြီး ဖြစ်လာခဲ့ပါပြီ။ အနီးပတ်ဝန်းကျင်ရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဝါးတရာ၊ ထန်းတပင်၊ အင်းစိန်မြို့နယ်များရှိ အလုပ်ဌာနများမှ အလုပ်သမားများအားကိုးစရာ ဆေးရုံတစ်ရုံ ဖြစ်လာနေပြီဖြစ်ပါ သည်။ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသည့် ခွဲစိတ်ဆောင်သစ်ပန္နက်တင်မင်္ဂလာကို ပြည်ထောင်စုဒုတိယဝန်ကြီးတက်ရောက် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဤအထွေထွေရောဂါကု အလုပ်သမားဆေးရုံတွင် ဆေးရုံကြီးတစ်ရုံ၏ အင်္ဂါရပ်နှင့်အညီ အထွေထွေဆေးကု၊ ခွဲစိတ်၊ မေ့ဆေး၊ သားဖွားမီးယပ်၊ ကလေး၊ ထိခိုက်ဒဏ်ရာ၊ အရိုးနှင့်သွားရောဂါကုသရေးများနှင့် ပြည့်ပြည့်စုံစုံဖွဲ့စည်း ပေးထားပြီး ဆေးဝါးစုံစုံလင်လင်နှင့် ဆရာဝန်အင်အား ပြည့်မီအောင်ဖြည့်ဆည်းပေးထားမည်။ သင့်တော်တဲ့နှုန်းထားနှင့် ကျန်းမာရေး အကောင်းဆုံးဝန်ဆောင်မှုရဖို့ ဆက်ဆံရေးပြေပြစ်ဖို့အပြင် အလုပ်သမားသက်သေခံ ကတ်ပြားရှိသူနှင့် သူ့မိသားစုဝင်များပါ တက်ရောက် ကုသခွင့်ရအောင် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်၏ ပီတိပွားစရာ သုတိမင်္ဂလာစကားကို လည်း ကြားသိရပါသည်။

"အာရောဂျံ၊ ပရမာ၊ လာဘာ"ကျန်းမာခြင်းသည် မြတ်သော လာဘ်ကြီး တစ်ပါးဆိုစကားနှင့်အညီ မိမိတို့ဘဝ တစ်သက်တာလုံးကို ဝန်ထမ်းဘဝမှာမြှုပ်နှံရင်း ရသမျှနှင့် ရောင့်ရဲကာ နိုင်ငံတော်အတွက် တာဝန်ကျေပွန်နေကြဆဲဖြစ်သော အလွှာအသီးသီးမှ ဝန်ထမ်းများ၊ ပင်စင်ယူပြီး ဝန်ထမ်းဟောင်းများ၏ဘဝ၊ ဘဝ၏အရေးအကြီးဆုံးပြဿနာတစ်ရပ်ဖြစ်သည့် ဆေးဝါး ကုသမှုခံယူမှုတွင် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ လိုလေသေးမရှိ ဖြည့်ဆည်း တာဝန်ယူစီမံဆောင်ရွက်ပေးလာမှုသည် နတ်လူသာစုခေါ်ထိုက်သည့် မင်္ဂလာတစ်ပါးပင် ဖြစ်ပါသည်။ ပြည်သူကြားမှာ အမှန်တကယ်လိုအပ်နေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် "လူမှုဖူလုံရေး ဥပဒေသစ်"ကို မိမိတို့အားလုံး ကြိုဆိုကြရမည် ဖြစ်ပါကြောင်း။ ။

ခရီးသည်တင် ယာဉ်လိုင်းများ ဂိတ်ဝန်းကျင်၌ အရက်ဆိုင်နှင့် ဘီယာဆိုင် ခွင့်ပြုခြင်းကြောင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ရှိလာနိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင် ယာဉ် လိုင်းများ၊ ဂိတ်ထိုးရပ်နားထားသော ဂိတ်များ အနီးတွင် အရက်ဆိုင်၊ ဘီယာဆိုင် တည်ရှိနေသဖြင့် ယာဉ်မောင်းအချို့မှာ မိမိအလှည့်မရောက်ခင် ယင်းဆိုင်များ၌ ဇရက်မင်းစည်းစိမ် ယစ်မူးနေကြသောကြောင့် ခရီးသည်များ ရင်တမမနှင့် သံဗုဒ္ဓေ ဂါထာ ရွတ်၍ စီးနင်းနေရကြောင်း ခရီးသွားပြည်သူများ ပြောဆိုနေမှုကို ကြားသိရသည်။

"အခုရက်ပိုင်းအတွင်း အအေးဓာတ်ပိုကဲလာတာကို အကြောင်းပြုပြီး အနီးနားမှာဖွင့်ထားတဲ့ အရက်ဆိုင်၊ ဘီယာဆိုင်တွေမှာ ယာဉ်လိုင်းအချို့က ယာဉ်မောင်းတွေ ဇရက်မင်းစည်းစိမ်ခံစားနေ ကြတယ်။ မောင်း ရင်မမူးနဲ့၊ မူးရင်မမောင်းနဲ့ဆိုတဲ့ စကားကို အလေးမထားကြဘူး။ မူးပြီးမောင်းနေကြတော့ ခရီးသည်တွေက လိုရာခရီးကိုမရောက်ခင်အထိ စိုးရိမ်စိတ်နဲ့ သံဗုဒ္ဓေဂါထာကို ရွတ်နေရတာပေါ့" ဟု ခရီးသည်တစ်ဦးက ပြောဆိုသည်။

အလားတူ အချို့သောယာဉ်လိုင်းအချို့မှ ယာဉ်နောက်လိုက်အကူတို့မှာ ယာဉ်မောင်းနှင့် ပုလင်းတူဘူးဆို့များဖြစ်ကြသဖြင့် သတ်မှတ်ယာဉ်စီးခထက် ပိုမို တောင်းယူသောကြောင့် ကျောင်းသားကျောင်းသူများ၊ ရုံးဝန်ထမ်းများ၊ ခရီးသည်များမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကြုံတွေ့နေရသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများမှ ခရီးသည်တင် မော်တော်ယာဉ်များကို စည်းကမ်းထိန်းသိမ်း နိုင်ရန် ခရီးသည်အသွင်ဆောင်၍ ကွင်းဆင်းကြပ်မတ် အရေးယူသင့်ကြောင့် ခရီးသည်များက လိုလားနေကြသည်။

"လိုင်းကားတွေအကြောင်းကို ပြောရရင် ပြောမဆုံးပေါင် တောသုံးတောင်ပဲဗျ။ ပိုဆိုးတာက အချို့လိုင်း ကားတွေ ခရီးစဉ်အစအဆုံး မပြေးဆွဲဘူး။ ဟိုတုန်းက ဓာတ်ဆီဈေးနှုန်းကြီးမြင့်တာကို အခွင့်ကောင်း ယူပြီး အောက်ဆိုက်ကားတွေပြေးဆွဲနေကြတာ နားလည်ပေးလို့ရပေမယ့် အခု CNG ကားတွေဖြစ်နေတာတောင် အောက်ဆိုက်ကားတွေဖြစ်နေတော့ ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး။ (မ-ထ-သ) က စည်းကမ်းထိန်းသိမ်းအရေးယူနေ ပေမယ့် လိုင်းကားတွေက ထိန်းမနိုင်သိမ်းမရ ဖြစ် ကုန်ပြီ" ဟု ခရီးသည်တစ်ဦးက ပြောဆိုသည်။

ယခုအခါ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြို့နယ်အသီးသီး၌ အရက်ဆိုင်၊ ဘီယာဆိုင်များ ယခင်ကထက် ပိုများလာသကဲ့သို့ ခရီးသည်တင်လိုင်းကားများ ဂိတ်ထိုးရပ်နားသည့် ကားဂိတ်များတွင်လည်း အရက်ဆိုင်နှင့် ဘီယာဆိုင်များ မှိုလိုပေါက်မြင်တွေ့နေရသဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မတော်တဆမှုများ မဖြစ်ပေါ်စေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ လုပ်ငန်းလိုင်စင်များခွင့်ပြုရာတွင် ခရီးသည်တင်လိုင်းကားများ ဂိတ်ထိုးရပ်နားသည့် အနီးနားဝန်းကျင်၌ ခွင့်မပြုရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မောင်သုည

သတင်းတို

လျှပ်စစ်ဝါယာရှော့အန္တရာယ် ပြုပြင်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြေတိုင်း ၂၆၊ ရွှေလင်ဗန်းရပ်ကွက် ရွှေမြင့်မိုရ်လမ်းနှင့် ရွှေပဒေသာလမ်းဒေါင့် ခြံအမှတ် (၅၁) ရှေ့တွင် လျှပ်စစ်မီးတိုင်ကြီးမှာ သစ်ပင်များကြားတွင် ရှိနေသောကြောင့် လျှပ်စစ်မီး သုံးစွဲသူများအတွက် ဝါယာရှော့အန္တရာယ်ကျရောက်နိုင်ကြောင်း ရပ်ကွက်သူများက စိုးရိမ်လျက် ရှိသည်။ **ဦးမင်း(ရွှေလင်ပန်း)**

သုံးခွမြို့နယ်တွင် ရေပြတ်လပ်မှုမရှိစေရန် တစ်ပတ်လျှင် လေးရက်ရေပေးဝေ

သုံးခွ၊ ဖေဖော်ဝါရီ ၁၇

သုံးခွမြို့နယ်၌ ရေပိုက်လိုင်းမှ အိမ်သွယ်ရေတိုင်များဖြင့် ရယူသုံးစွဲလျက်ရှိသည့် ပြည်သူများအား ယခုအချိန်တွင် ရေသုံးစွဲမှုအဆင်ပြေစေရန်၊ မိုးရာသီအမီ ရေပြတ်လပ်မှုမရှိစေရန်နှင့် မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တစ်ပတ်လျှင် လေးရက် အလှည့်ကျ ရေပေးဝေလျက်ရှိသည်။

သုံးခွမြို့ပေါ်တွင် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကန်ပေါင်း ၅၃ ကန်ရှိ၍ ၎င်းထဲတွင် မြို့ရေပေးကန် ၄ ကန် ပါဝင်သည်။ ၎င်းလေးကန်မှာ အမှတ် ၁ ရပ်ကွက်ရှိ ကွက်သစ်ရေကန်၊ အမှတ် ၂ ရပ်ကွက်ရှိ ၃၁ ဧက ရေကန်၊ အမှတ် ၅ ရပ်ကွက်ရှိ မြို့ဦးရေကန်၊ အမှတ် ၉ ရပ်ကွက်ရှိ ကန်သာယာရေကန်တို့ ဖြစ်သည်။

သုံးခွမြို့ပေါ်တွင် အိမ်သွယ်ရေတိုင်ပေါင်း ၁၅၀၀ ခန့်ရှိပြီး မြေအောက်ရေချိုမရရှိသဖြင့် ရေကန်များကိုသာ အားကိုးအားထားပြုနေရပြီး လေလွင့်ပြုန်းတီးမှု မဖြစ်စေရေးအတွက် မိမိနေအိမ်ရှေ့နှင့် လမ်းများပေါ်တွင် ရေဖြန်းခြင်း၊ သစ်ပင်ပန်းပင် ရေလောင်းခြင်း၊ ကားရေဆေးခြင်းများ မပြုရန် နှိုးဆော်ထားပြီး ရေမရရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း - ၀၅၆ ၄၀၀၂၉သို့ ဆယ်သွယ်အကူအညီတောင်းခံနိုင်သည်။ **ကိုကျော်**

ပြည်တွင်းရေးရာ

❖ ကျောဖုံးမှ

ဒေသတာဝန်ရှိသူများက စီမံချက်ရေးဆွဲပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားသည်။

တောင်ညို ရေလှောင်တမံကို ဆည်ရေသောက်ဧရိယာ ၈ကေ ငါးသောင်းသို့ စိုက်ပျိုးရေပေးဝေရန် ၁၉၉၅-၁၉၉၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ နှစ်စဉ်နွေစပါး၊ မိုးစပါးအတွက် တစ်နှစ်လုံးနီးပါး ရေပေးဝေရသည့်အပြင် နှစ်ကာလကြာမြင့်ပြီး ထိရောက်သော အထူးပြင်ဆင်မှုများမပြုလုပ်နိုင်ခဲ့သည့်အတွက် ဆည်ရေသောက်စနစ်တူးမြောင်းများ ပျက်စီးယိုယွင်းခဲ့ရသည်။ ထို့ကြောင့် တူးမြောင်းမကြီးနှင့် လက်တံတူးမြောင်းများအား တူးမြောင်းပုံစံကျပြုပြင်ခြင်း၊ မြောင်းပေါင်စစ်လမ်းများ ပြုပြင်ခြင်း၊ တူးမြောင်းအဆောက်အအုံများပြုပြင်ခြင်း၊ ရေဆိုးထုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ဆောင်ရွက်ခဲ့သည့်အတွက် ဆည်ရေပေးဝေခြင်းလုပ်ငန်းများပိုမိုအဆင်ပြေလာခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အိုးဘိုကုန်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ Solar Power Plant ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် KD Power Company မှ Advisor Mr.Cho Yong Kyung တို့က ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိဖြန့်ဝေမှုစနစ်တို့ကို ရှင်းလင်းတင်ပြကြသည်။

တောင်ညိုရေလှောင်တမံ ပတ်ဝန်းကျင်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိစေရန်အတွက် ရေကျအဆောက်

ဒုတိယသမ္မတ ဦးညဏ်ထွန်း တောင်ညိုဆည်ရေသောက်စနစ် စံပြစက်မှုလယ်ယာ ၈ကေ ၁၂၀ ရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မီးစက်များထူထောင်ခြင်း၊ လေရဟတ်များအသုံးပြုခြင်း စသည့်ပြန်ပြည့်မြဲစွမ်းအင်သုံးလျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ခြောက်သောင်းရှိသည့်အနက် ကျေးရွာမီးလင်းရေးအတွက် ကျေးရွာပေါင်း နှစ်သောင်းဆောင်ရွက်ပြီးဖြစ်ရာ ဤရွာသည်လည်း တစ်ရွာအပါအဝင်ဖြစ်ပါကြောင်း၊ ယခု ဤရွာတွင် ဆည်မြောင်းရေကျ အဆောက်အအုံများကို အကျိုးရှိစွာ အသုံးချ၍ အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေခြင်းဖြစ်ပါကြောင်း၊ ရေအားနည်းပါးချိန်များအတွက်လည်း ဒီဇယ်မီးစက်ကို အရန်သင့်ထားရှိသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မိတ်ဖက်အဖွဲ့ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အပေါ် မျှမျှတတ ဆောင်ရွက်ပေးရသည့်အတွက် လိုအပ်ချက်များရှိနေသေးပါက နားလည်ပေးစေလိုပါကြောင်း၊ မိမိရပ်ရွာ၊ ဒေသဖွံ့ဖြိုးရေးအတွက် မိမိတို့တွင်လည်း တာဝန်ရှိသည်ဟု ခံယူ၍ တက်ညီလက်ညီဆောင်ရွက်ကြရန် အရေးကြီးပါကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇီးကုန်းမြို့နယ် မြောက်လွတ်ကုန်းကျေးရွာ တောင်ညိုဆည်ရေသောက်စနစ် စံပြလယ်ယာ ၈ကေ ၁၂၀ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးနှင့် ဆည်မြောင်းဦးစီးမှူးတို့က စံပြလယ်ယာဖော်ထုတ်စိုက်ပျိုးမှုနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု၊ သီးနှံစိုက်ပျိုးထွက်ရှိမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီးနောက် ကျေးရွာအတွက် ပန်းပေါင်းစုံပုဒ္ဓဆင်းတုတော်များကို ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်လှူဒါန်းကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ဇီးကုန်းမြို့နယ် မြို့နယ်ခန်းမ၌ ပြည်ခရိုင်၊ သာယာဝတီခရိုင်များအတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၀၀ ကျော်နှင့် တွေ့ဆုံ၍ ဘက်စုံဖွံ့ဖြိုးရန်အတွက် လိုအပ်ချက်သည် စွမ်းဆောင်ရည်ဖြစ်ပါကြောင်း၊ အစိုးရအပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့၏ စွမ်းဆောင်ရည်မြင့်မားလာပါက ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့်အုပ်ချုပ်မှုဖြစ်လာစေရန်အတွက် ဌာနတစ်ခုနှင့်တစ်ခု ပေါင်းစပ်ဆောင်ရွက်ရန်၊ နိုင်ငံရေးတည်ငြိမ်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ လူထုသဘောထားရယူပြီး တာဝန်သိမှု၊ တာဝန်ခံမှုနှင့်အညီ ဆောင်ရွက်ရန်၊ တရားဥပဒေစိုးမိုးမှုရှိပြီး လာဘ်ပေးလာဘ်ယူကင်းရှင်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးမှု၏အခြေခံသည် မြို့နယ်ဖွံ့ဖြိုးမှုပင်ဖြစ်ပါကြောင်း၊ မြို့နယ် ဖွံ့ဖြိုးမှုဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူ့ဆန္ဒအမှန်ကိုသိအောင် ဆောင်ရွက်ပြီး ပြည်သူထောက်ခံအားပေးမှုနှင့် တက်ကြွစွာပါဝင်ပူးပေါင်းမှုရရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဤဒေသတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်များရှိသော်လည်း ငွေ၊ ပစ္စည်း၊ အရင်းအနှီးလိုအပ်ချက်များကြောင့် သုံးစွဲနိုင်သည့် ပမာဏအတိုင်း ထုတ်လုပ်နိုင်ခြင်းမရှိသေးပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ အများပိုင်၊ ပုဂ္ဂလိကပိုင် ဖက်စပ်စနစ်ဖြင့် ရင်းနှီးမြှုပ်နှံမှုများ အားပေးသွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းကမူ လိုအပ်ချက်များအပေါ် တွက်ချက်၍ အချိန်မဆိုင်းဘဲ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပြင်းပြသည့်ဆန္ဒ၊ ထက်သန်သည့် စိတ်ဓာတ်၊ နိုးကြားသည့်ဝီရိယ၊ ထက်မြက်သည့် ပညာတို့ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဇီးကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဇီးကုန်းမြို့နယ်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မီးဖိုချောင်သုံးပစ္စည်းအစုံ ၈၀၊ ဆိုလာပြားအစုံ ၈၀၊ ပြက္ခဒိန်စောင်ရေ ၁၀၀၀၊ ငါးခြောက် ပိဿာ ၂၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက စာအုပ်စာစောင် ၅၀၀၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီးဦးခင်ဇော်က ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းအတွက် ဆန်အိတ် ၁၆၀၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အခြေခံပညာကျောင်း ငါးကျောင်းအတွက် ကွန်ပျူတာ ၂၅ စုံ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက မီးသတ်ယာဉ်နှစ်စီးတို့ကို ပေးအပ်လှူဒါန်းလွှဲပြောင်းကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိစစ်ဆေးခဲ့ပြီးမြို့နယ်ဆေးရုံဆိုင်ရာ အချက်အလက်များကို ဆေးရုံအုပ်ကြီး ဦးမြင့်စိုးကတင်ပြရာ နှစ်ထပ်ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကာ ပြည်သူ့ဆေးရုံ ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဆေးပစ္စည်းပုံးများကို ပေးအပ်လှူဒါန်းပြီး ဒုတိယသမ္မတသည် အမျိုးသား/အမျိုးသမီး လူနာဆောင်၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား လိုက်လံအားပေး၍ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား ကန်တော့၍ ငွေ

ဒုတိယသမ္မတ ဦးညဏ်ထွန်း အိုးဘိုကုန်းကျေးရွာရှိ Solar Power Plant အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အအုံအမှတ်(၁)နှင့် အမှတ်(၂)တို့တွင် တာဘိုင်ဂျင်နရေတာများကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း တပ်ဆင်ဆောင်ရွက်ခဲ့သည့်အတွက် အိမ်ခြေ ၁၀၀ ကျော်ရှိ လယ်မအင်းကျေးရွာ၊ အိမ်ခြေ ၄၀၀ ရှိကျောက်ခွက်ကျေးရွာ၊ အိမ်ခြေ ၂၀၀ ရှိကျောက်စွယ်ကျေးရွာတို့တွင် အသေးစားရေအားဖြင့် လျှပ်စစ်မီးလင်းနေပြီဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောက်ခွက်ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မဟာဓာတ်အားလိုင်းလက်လှမ်းမမီသည့် ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ်တာဘိုင်များ တည်ဆောက်ပေးခြင်း၊ ဆိုလာစနစ်သုံးခြင်း၊ ဇီဝဒြပ်ထုသုံး အစည်းများ၏ ထောက်ပံ့ကူညီမှုဖြင့် ယခုကဲ့သို့ တည်ဆောက်ပေးနိုင်ခြင်းဖြစ်သည့်အတွက် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက ရေရှည်တည်တံ့အောင် စက်များကြံ့ခိုင်ထိန်းသိမ်းမှု၊ မောင်းနှင်မှုစရိတ်စကများကာမိရေးအတွက် ရန်ပုံငွေထူထောင်မှုနည်းလမ်းများ ရှာဖွေရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးရွာများ ယခုထက်မက ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးမည့် အစီအမံများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးတင်ပြသည့် သောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များအပေါ် နိုင်ငံတော်က ဖြည့်ဆည်းပေးရာတွင်

ပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀၊ ဆိုလာမီးအိမ်များနှင့် ဆန်၊ ဆီ၊ ဆားတို့ကို လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် ဇီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီးက ကျောင်းဆောင်သစ်ဆောက်လုပ်ရေး၊ ကျောင်းခြံစည်းရိုးကာရံနိုင်ရေးနှင့် ကျောင်းပရိဘောဂလိုအပ်ချက်များကို တင်ပြပြီး ဒုတိယသမ္မတက ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ညိုရေလှောင်တမံမှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေး ဦးစီးချုပ် Gen. Dr. Moeldoko က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဂျကာတာမြို့ရှိ ကာကွယ်ရေးဦးစီး ချုပ်ရုံးစစ်ရေးပြကွင်း၌ ကျင်းပသည်။

ဂုဏ်ပြုကြိုဆိုပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်တို့သည် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး ဂုဏ်ပြု ကြိုဆိုပွဲ တက်ရောက်လာကြသူများနှင့် အပြန်အလှန် မိတ်ဆက်ပေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့တို့ တွေ့ဆုံ ဆွေးနွေးကြသည်။**(ယာပုံ)**

တွေ့ဆုံစဉ် အင်ဒိုနီးရှားကာကွယ်ရေးဦးစီးချုပ်က အဆွေတော်၏ အမြော်အမြင်ရှိမှုနှင့် ဦးဆောင်မှုကောင်း မွန်ခြင်းတို့ကြောင့် လာမည့်မတ်လနှင့် မေလများတွင် ကျင်းပမည့် အာဆီယံတပ်မတော်ဆိုင်ရာ အစည်းအဝေး များကို အောင်မြင်စွာကျင်းပနိုင်မည်ဟု မိမိအပြည့်အဝ ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှည်လျားသော ဆက်ဆံရေး အစဉ်အလာကောင်းများရှိခဲ့ပြီး ဘက်မလိုက် အဖွဲ့ဝင် နိုင်ငံများလည်းဖြစ်ပါကြောင်း၊ ယခုအချိန်တွင် နှစ်နိုင်ငံအစိုးရအချင်းချင်းနှင့် တပ်မတော်နှစ်ရပ်အကြား ယခင်ကထက် ဆက်ဆံရေးနယ်ပယ် တိုးတက်လာခဲ့ပြီး စစ်ဦးစီးတက္ကသိုလ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားများအချင်းချင်း အပြန်အလှန် လည်ပတ် နိုင်ရေး ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် Peace keeping သင်တန်းအား တက်ရောက်လိုပါက အရာရှိသင်တန်းသားများ စေလွှတ်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့ တပ်မတော်မှ ကာကွယ်ရေးဦးစီးချုပ်တစ်ဦးအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်း ဖြစ်သည့်အတွက် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ မိမိ ယခုကဲ့သို့ လာရောက်ခြင်းသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြားချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်လို၍ဖြစ်ပြီး အင်ဒို နီးရှားနိုင်ငံနှင့် ဆက်ဆံရေးနွေးထွေးမှုရှိစေရန်အတွက် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့လည်း အင်ဒိုနီးရှား တပ်မတော် (ကြည်း၊ ရေ၊ လေ) ခေါင်းဆောင်များ အပြန် အလှန်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း၊ စစ်ဦးစီး တက္ကသိုလ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်း များလည်း လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်အားကစားနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရန်နှင့် နှစ်နိုင်ငံဘာသာစကား သင်တန်းများ အပြန်အလှန်စေလွှတ်တက်ရောက်နိုင်ရေး အတွက်ကိုလည်း အကြံပြုလိုပါကြောင်း၊ မိမိအား UN ကိုယ်စားလှယ်တစ်ဦးက မြန်မာ့တပ်မတော်သားများကို

ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တွင် ပါဝင်နိုင် ရေးအတွက် အကြံပြုကမ်းလှမ်းထားပါကြောင်း ပြောကြား သည်။

ဆက်လက်၍ မြန်မာ့တပ်မတော်နှင့် အင်ဒိုနီးရှား တပ်မတော်သည် အတွေ့အကြုံရင့်ကျက်သည့် တပ်မတော် များ ဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံများကို အမြင်ချင်း ဖလှယ်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ပါက အကျိုး ဖြစ်ထွန်းမည် ဖြစ်ပါကြောင်း၊ နိုင်ငံအသီးသီးတွင်ရှိသော တပ်မတော်တိုင်းသည် ၎င်းနိုင်ငံ၏ အမျိုးသားရေး တာဝန်ကို ထမ်းဆောင်ကြရပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ့တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အင်ဒိုနီးရှားတပ်မတော်မှ တပ်မတော်အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အင်ဒိုနီးရှား သမ္မတနိုင်ငံတွင် ရောက်ရှိနေသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံသံအမတ်ကြီးနေအိမ်၌ သံအမတ် ကြီး ဦးမင်းလွင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုများ၊ အာဆီယံဆိုင်ရာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး မိသားစုများနှင့် တွေ့ဆုံသည်။**(ဝဲပုံ)**

ယင်းသို့တွေ့ဆုံစဉ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် သည် ၂၀၁၁ ခုနှစ်မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်လာသည့် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြောင်း၊ ဒို့တာဝန် အရေး (၃) ပါးနှင့် နိုင်ငံတော်အစိုးရ ၏ အုပ်ချုပ်မှုအာဏာကို ထိပါးမှု အန္တရာယ်၊ ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်ကို ထိပါးမှုအန္တရာယ်၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ မှုအား ဖျက်ဆီးနှောင့်ယှက်မှုအန္တရာယ် များကို ကာကွယ်ရန် တပ်မတော်တွင် တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားနေကြောင်း၊ ဒီမိုကရေစီသက်တမ်းနုနယ်သေး သည့်အတွက် စနစ်ကိုခိုင်မာအောင် အချိန်ပေးရန်လိုအပ်ကြောင်း၊ မည် သည့်နိုင်ငံတွင်မဆို ခေါင်းဆောင် တိုင်းသည် တိုင်းပြည်ငြိမ်းချမ်းပြီး တိုးတက်စေချင်သည့်ဆန္ဒသာ ရှိပါ ကြောင်း၊ ငြိမ်းချမ်းတည်ငြိမ်သော နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်း အရသာကို ခံစားရကြောင်း၊ မိမိတို့ နိုင်ငံအစိုးရနှင့် တပ်မတော်သည် ငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးစားလုပ်ကိုင်နေကြကြောင်း၊ မိမိ တို့သည် ပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာသူများဖြစ်၍ တိုင်းပြည် နှင့်ပတ်သက်လာလျှင် ပြည်သူသာ အမိ၊ ပြည်သူသာအဖ ဆိုသည်မှာ အစစ်အမှန်ပင် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မြန်မာသံရုံး၊ စစ်သံရုံး၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စား လှယ်အဖွဲ့ရုံးတို့မှ ဝန်ထမ်းများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူး ချုပ်ရုံးမှ ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သံအမတ်ကြီးဦးမင်းလွင်က တည်ခင်း ဧည့်ခံသည့် ညစာစားပွဲသို့ တက် ရောက်ခဲ့သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် အင်ဒိုနီးရှား နိုင်ငံ ဂျကာတာမြို့ Halin Perdana Kusama လေဆိပ်သို့ ရောက်ရှိခဲ့ ကြကြောင်း သတင်းရရှိသည်။**(မြဝတီ)**

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစည်းအဝေးနှင့် မီးဘေးကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် တိုးရွှေဝါခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မအူပင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ် ယာဉ်နှင့် ရေသယ်ယာဉ်တို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဧရာဝတီ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ရဲဗလဦးမျိုးဝင်းက မြို့နယ်မီးသတ်ဦးစီးဌာန မှူး ဦးစိုးနောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုးရွှေဝါခန်းမ၌ မအူပင်ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတစ်ဝန်းပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် မီးလောင်ဆုံးရှုံးမှု လျော့နည်းစေရေး၊ မီးလောင်ဆုံးရှုံးမှု ဖြစ်ပေါ်လျှင်လည်း ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် နိုင်ငံတော်က မီးသတ်ကားများကို ခေတ်မီဆန်းသစ်ယာဉ်များဖြင့် အစားထိုးဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိရာ ရရှိထားသည့် မီးသတ်ယာဉ်များကို တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း။

မအူပင်မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသနေပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင် ရွက်ပေးထားမှုများအပေါ် ရေရှည်တည်တံ့ကောင်းမွန်အောင် ထိန်းသိမ်းကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။**(အောက်ပုံ)**

ထို့နောက် မအူပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ မြို့နယ်ဖွံ့ဖြိုးတိုး တက်ရေးအထောက်အကူပြုကော်မတီ အဖွဲ့ဝင် ဦးတင်ဦး၊ မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် မြို့နယ်မီးဘေးနှင့်သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးကော်မတီအဖွဲ့ဝင် ဦးအောင်ဇော်ဦးတို့က မအူပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ မြို့နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်တွင် တိုးမြစ်အတွင်းမှ မြစ်ရေတင်စနစ်ဖြင့် ဆောင်ရွက်ထားသည့် မီးသတ်ရေပိုက်နှင့် ရေသိုလှောင် ကန်တည်ဆောက်မည့်နေရာများနှင့် မီးသတ်စခန်းခွဲတည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်ပုံရိပ်သည် အာဆီယံနိုင်ငံများအတွင်း အလယ်အလတ်နှင့် အထက်အဆင့်ကို ရောက်ရှိနေသည့်အချိန်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

(၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာ ပထမအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီးရုံး၌ကျင်းပသည်။

အခမ်းအနားတွင် အစည်းအဝေး များ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ယခုအစည်းအဝေးလက်ခံကျင်းပမည့် အချိန်ကာလမှာ မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့် ပုံရိပ်သည် အာဆီယံနိုင်ငံများအတွင်း အလယ်အလတ်နှင့်အထက်အဆင့်ကို ရောက်ရှိနေသည့်အချိန်ဖြစ်သည့်အတွက် ယခုကဲ့သို့အချိန်မျိုးတွင် ASEAN Ministers Responsible for Information (AMRI) အစည်းအဝေးကို လက်ခံကျင်းပဆောင်ရွက်ခွင့်ရသည့်အတွက် ဂုဏ်ယူစရာကောင်းပါကြောင်း၊ ဒီမိုကရေစီဖော်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံတွင် သတင်းလွတ်လပ်ခွင့် အဆင့်အတန်းသည် ယင်းနိုင်ငံ၏ အရေးကြီးသော ပုံရိပ်တစ်ခုဖြစ်ပါကြောင်း၊ ထိုသတင်းလွတ်လပ်ခွင့်အဆင့်ကို နိုင်ငံတကာစံနှုန်းနှင့်အညီ ယခုထက်တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံသားအားလုံးတွင်တာဝန်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း အလေးထားကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း၊ သတင်းလွတ်လပ်ခွင့် အဆင့်တိုးတက်မှုနှင့်အတူ မိမိတို့နိုင်ငံ၏ အနာဂတ်မီဒီယာပုံစံသည် AMRI ထုတ်ပြန်ကြေညာချက် (ဂျကာတာ)နှင့်အညီ လူမှုတာဝန်သိသော မီဒီယာဖြစ်လာလိမ့်မည်ဟုလည်း မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေးများ ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက အစည်းအဝေးများကျင်းပရေး ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် ဦးဇင်ယော်တို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

၁၉၇၈ ခုနှစ်တွင် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာကော်မတီ (ASEAN Committee for Culture and Information) (ASEAN COCI) ကို ဖွဲ့စည်းခဲ့ပြီး COCI အောက်တွင် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (AMRI)နှင့် အာဆီယံယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ အစည်းအဝေး (AMCA) ဟူ၍ ပါဝင်သည်။ AMRI သည် အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည်။

၁၉၈၉ ခုနှစ်တွင် ပထမအကြိမ် AMRI အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံတွင် စတင်ကျင်းပခဲ့ပြီး အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ကာ (၁၁)ကြိမ်မြောက်အစည်းအဝေးကို မလေးရှားနိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကို ၂၀၁၄ခုနှစ် ဇွန်လ ဒုတိယပတ်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC)ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေးမတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၆) ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို မတ် ၁ ရက်မှ ၂ ရက်အထိ နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌လည်းကောင်း၊ (၁၄)ကြိမ်မြောက် ဘင်းမ်စတက် ဝန်ကြီးအဆင့်အစည်းအဝေးနှင့် တတိယအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များ အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.thirdbimstecsummit.gov.mm ၌ HOME Page ရှိ MEDIA REGISTRATION ကိုနှိပ်၍ MEDIA REGISTRATION FORM တွင် ဖြည့်စွက်ကာ SUBMIT ပြုလုပ်ရန်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို မတ် ၁၊ ၂ ရက်အစည်းအဝေးမှစ၍ သတင်းရယူလိုသူများအတွက် ရှိုင်ရယ်ကုမုဒြာဟိုတယ်တွင်လည်းကောင်း၊ မတ် ၃၊ ၄ ရက် အစည်းအဝေးသတင်းရယူလိုသူများအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင်လည်းကောင်း နေရာအလိုက်အစည်းအဝေးစတင်သည့်ရက် နံနက်ပိုင်းတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များ အနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာ လျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာသတင်းထောက်များအတွက် ဝင်/ထွက်ခွင့်ကတ်၊ ဗီဇာကိစ္စတို့နှင့်ပတ်သက်၍ သိရှိလိုပါက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဖုန်း ၀၆၇-၄၁၂၅၀၉ သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်၌ကျင်းပမည့် တတိယအကြိမ် BIMSTEC ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများအတွက် တည်းခိုနိုင်ရန် ဟိုတယ်စီစဉ်ပေးထား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေးမတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် ဘင်းမ်စတက်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ် ၁ ရက်မှ ၂ရက်အထိ နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌လည်းကောင်း၊ (၁၄)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့်အစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများ တည်းခိုမှုလွယ်ကူရန်အတွက် နေပြည်တော်ဟိုတယ်ဇုန်ရှိ မန်းမြန်မာဟိုတယ်၌ စီစဉ်ပေးထားရာ ဟိုတယ်အခန်းခဈေးနှုန်း၊ ငှားရမ်းလိုသည့်အခန်းအရေအတွက်တို့ကို mannmyanmarhotel@gmail.com နှင့် တယ်လီဖုန်းအမှတ် ၀၆၇-၄၂၂၁၃၁၊ ၀၆၇-၄၂၂၁၃၂၊ ၀၆၇-၄၂၂၁၃၃၊ ၀၆၇-၄၂၂၁၃၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စင်ကာပူနိုင်ငံရှေ့နေချုပ်နှင့်အဖွဲ့ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ပဲခူး ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော စင်ကာပူ သမ္မတနိုင်ငံရှေ့နေချုပ် Mr.Seven Chong နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဥပဒေရုံးများ၏ လုပ်ငန်းတာဝန်များကို လေ့လာဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်၊ တောင်ငူခရိုင်နှင့် ဖြူးမြို့နယ်တို့မှ ဥပဒေအရာရှိများလည်း တက်ရောက်ခဲ့ကြသည်။

(ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး)



၂၀၁၄ သန်းခေါင်စာရင်းကောက်ယူမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအခြေအနေ

arSufuav;(tmc@)

အလုပ်ကိစ္စနှင့်ပတ်သက်၍ မကြာခဏဆိုသလို ခရီးထွက်ရလေ့ရှိတတ်သူ ကျွန်တော့်အနေဖြင့် လေယာဉ်စီးသွားသည်သာများသည်။ အချိန်ကို ချုံ့လိုခြင်းနှင့် ကိုယ်ခန္ဓာအား ပင်ပန်းမှုဒဏ်မခံလိုခြင်းကြောင့် ပိုက်ဆံကို မချွေတာနိုင်တော့ပါ။ ကုန်းလမ်းခရီး၊ ရေလမ်းခရီးတွေနှင့် နှိုင်းစာလျှင် လေယာဉ်ဖြင့် သွားရသည့် စရိတ်စကမှာ မြင့်မားလွန်းသော်လည်း အချိန်သည် ရွှေဖြစ်နေခြင်းကြောင့် လေယာဉ်ဖြင့် သွားလာရခြင်းက ပို၍အဆင်ပြေ စိတ်ချမ်းမြေ့ရပါသည်။

မိမိလိုရာသို့ သွားရောက်ရန် လေယာဉ်လက်မှတ်အား ဝယ်ယူရရှိပြီးသည့်နောက်တွင် လေယာဉ်ကွင်းသို့ လေယာဉ်မဆိုက် ရောက်မီ ကြိုတင်ကာ အရောက်သွားရပါသည်။ မိမိအသုံးအဆောင်ပစ္စည်းအပါအဝင် မိမိ နှင့်ပါရှိသည့်ပစ္စည်းများအား ဝန်ချိန်စက်၌တင်၊ ပေါင်မည်မျှပို-မပို စစ်ဆေး၊ X-ray ခေါ် ဓာတ်ရောင်ခြည် စက်ဖြင့် လုံခြုံစိတ်ချရတော့မှ အတွင်းဆောင်ထဲသို့ ဝင်ခွင့်ရပါသည်။ အန္တရာယ်ရှိနိုင်သည့် အချွန်အတက်ပစ္စည်းများ၊ ပေါက်ကွဲလောင်ကျွမ်းသည့် အရာဝတ္ထုများ မိမိတို့နှင့် တစ်ပါတည်း သယ်ဆောင်သွား ၍ မရသည်မှာလည်း ခရီးသည်များ၏ လုံခြုံရေးအတွက်ပင်ဖြစ်သည်။

ထွက်ခွာမည့်လေဆိပ်၌လည်းကောင်း၊ ဆိုက်ရောက်သည့်လေဆိပ်၌လည်းကောင်း ခရီးသည်များအားလုံး မလွဲမသွေတွေ့ကြုံရသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (လ-ဝ-က) မှ တာဝန်ကျဝန်ထမ်းများ၏ စစ်ဆေးခြင်းခံရမှုပင် ဖြစ်ပါသည်။

သာမန်ရိုးရိုးသားသား သွားလာကြသူများအဖို့မူ ထိုသို့ အထပ်ထပ်အခါခါ စစ်ဆေးခံရခြင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်မိကောင်းဖြစ်မိနိုင်သော်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (လ-ဝ-က) မှ တာဝန်ကျဝန်ထမ်းများ၏ စေ့စေ့စပ်စပ်စုံစမ်းစစ်ဆေးမှုများကြောင့် မိန်းမပျိုကလေးများအား လူကုန်ကူးခံရတော့မည့်ဆဲဆဲအခြေအနေမှ ကာကွယ်ကယ်တင်လိုက်နိုင်သည့် အဖြစ်အပျက်ပေါင်းများစွာ ရှိသည်ကိုလည်း မြင်တွေ့ကြားသိခဲ့ရဖူးပါသည်။ ယခင်ကဆိုလျှင် အသက်နှစ်ဆယ့်ငါးနှစ်အောက် အမျိုးသမီးငယ်ကလေးများ တစ်နယ်တစ်ကျေးထွက်ခွာမည်ဆိုပါက သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာရယူကာ သွားလာကြရသဖြင့် အထွေအထူးစစ်ဆေးရန်မလိုအပ်ဘဲ ထောက်ခံစာပါ-မပါကိုသာ စစ်ဆေးလျှင် လုံလောက်ပြီဖြစ်သည်။ သို့သော်လည်း ယခုနောက်ပိုင်းတွင် ပြည်သူများလွတ်လပ်စွာသွားလာမှုအား ပိုမိုလွယ်ကူစေရန် စီမံဆောင်ရွက်ပြီးဖြစ်သဖြင့် ထောက်ခံစာရယူရန် မလိုတော့ပါ။ သို့ဖြစ်၍ မှတ်ပုံတင်ကတ်ပြားများကို အဓိကထားပြီး စစ်ဆေးနေကြရခြင်းဖြစ်ဟန်တူပါသည်။

အသက်အရွယ်၊ နေရပ်ဇာတိ၊ အဘအမည် အစရှိသည်ဖြင့် ကတ်ပြားကိုင်ဆောင်သူ ကာယကံရှင်၏ ကိုယ်ရေးအချက်အလက်များကို ကြည့်ရှုစစ်ဆေးသကဲ့သို့ မိမိတို့ လ-ဝ-က ဌာနမှ ထုတ်ပေးသော မူရင်းသက်သေခံကတ်ပြားစစ်မှန်ခြင်း ဟုတ်-မဟုတ်ကိုလည်း စစ်ဆေးကြပါသည်။ တစ်ခါတစ်ရံ မိမိမှတ်ပုံတင်ပြုလုပ်သည့်မြို့၏ အမည်ကို မသိရှိသည်မျိုးလည်း စာရေးသူကျွန်တော်ကိုယ်တိုင် မြင်တွေ့ကြားသိခဲ့ရဖူးပါသည်။ တစ်ခါတစ်ရံ ကတ်ပြားထုတ်ပေးသူအရာရှိ၏ လက်မှတ်မပါရှိ၍ ခရီးသည်နှင့် လ-ဝ-ကမှ တာဝန်ကျစစ်ဆေးသူတို့ အခြေအတင်ပြောဆိုကြရသည်မျိုးလည်း တွေ့ရတတ်သေးသည်။

ထိုသို့ခရီးသွားလာရာမှ စာရေးသူကျွန်တော်ကိုယ်တိုင်ပင်လျှင် မှတ်ပုံတင်အကြိမ်ကြိမ်ထုတ်ပြရ၊ အစစ်ဆေးခံရဖူးသည်ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား (တစ်နည်း) မှတ်ပုံတင်ကတ်ပြားနှင့်ပတ်သက်၍ တွေ့ကြုံဖူးသမျှ၊ တွေးမိသမျှတို့ကို ဆွေးနွေးတင်ပြကြည့်ချင်ပါသည်။

“နာမည်တစ်လုံးနှင့်နေတဲ့သူ” ဟူ၍ မြန်မာမှုနယ်ပယ်၌ ပြောဆိုလေ့ရှိသည့်စကားမှာလည်း မှတ်ပုံတင်ကတ်ပြားနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေပါသေးသည်။ အမည် ဦး/ဒေါ် ဘယ်သူဘယ်ဝါဟူ၍ မှတ်ပုံတင်ကတ်ပြား၌ အထင်အရှားဖော်ပြပါရှိနေမည်မှာ မလွဲပါ။ သို့သော် ထိုမလွဲသည့်ကိစ္စ၌ အလွဲလွဲအချော်ချော်ဖြစ်တတ်သည်မှာ သံတူကြောင်းကွဲစကားလုံးများပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် ကိုစံထွန်း-ကိုဆံထွန်း-ကိုစန်ထွန်း-ကိုဆန်ထွန်း ဟူ၍ ကွဲလွဲနိုင်မည့် အမည်မျိုး၊ စမ်း-စန်း၊ ဆန်း ဥပမာ စန်းအောင်-ဆန်းအောင်-စမ်းအောင် ဟူသည့်အမည်မျိုးတို့မှာ ကာယကံရှင်ကခေါ်ဆိုသည့် အမည်အက္ခရာမှာတစ်မျိုး၊ မှတ်ပုံတင်၌ ရေးသွင်းလိုက်သည်ကတစ်မျိုး ဖြစ်နေတတ်ခြင်းပင်ဖြစ်ပါသည်။ မြန်မာဘာသာစကား တတ်ကျွမ်းနားလည်ပြီးဖြစ်ကြသည့်သူများအဖို့ အထွေအထူးမှားဖွယ်မရှိသော်လည်း တိုင်းရင်းသားအချို့၏ အမည်များကို ရေးသားရာ၌မူ လွဲချော်မှုပိုများကြောင်း လေ့လာတွေ့ရှိရပါသည်။ အချို့တိုင်းရင်းသားလူမျိုးများမှာ ၎င်းတို့ဘာသာအရ အမည်တစ်မျိုးရှိပြီး ကျောင်းအပ်ရာ၌ မြန်မာအမည်တစ်မျိုး ထပ်မံမှည့်ခေါ်ပေးသည်မျိုးလည်း ရှိကြသည်။ သို့ဖြစ်ရာ မှတ်ပုံတင်အမည်မှာတစ်မျိုး၊ လူအများသိ ခေါ် ဝေါ်ဆက်ဆံကြသည့်အမည်မှာ တစ်မျိုးဖြစ်နေတတ်ပါသည်။

စာရေးသူ၏ကိုယ်တွေ့အနေဖြင့်တင်ပြရပါမူ မှတ်ပုံတင်ကတ်ပြားပါအမည်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်တို့၌ ပါရှိသောအမည် မတူညီသဖြင့် အလုပ်လျှောက်ထားစဉ်က တရားရုံး၌ ကျမ်းကျိန်ကတိသစ္စာပြုလွှာအား ပြုလုပ်ခဲ့ရခြင်းပင်ဖြစ်ပါသည်။ သတင်းစာ၌လည်း မောင်ဘယ်သူနှင့် မောင်မည်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာခဲ့ဖူးပြီးဖြစ်ပါသည်။ ထိုသို့ မလိုလားအပ်ဘဲ အလုပ်ရှုပ်နေရသဖြင့် မှတ်ပုံတင်ကတ်ပြား၌ မောင်ဘယ်သူ(ခ)မောင်မည်သူဟု ပြင်ဆင်ထည့်သွင်းခွင့်ပြုပါရန် သက်ဆိုင်ရာ (လ-ဝ-က) ရုံးသို့ သွားရောက်တင်ပြခဲ့ပါသော်လည်း အဆင့်ဆင့်ရုံးချုပ်သို့ တင်ပြရမည်ဖြစ်၍ တစ်နှစ်ခန့်ကြာမြင့်နိုင်သည်ဟုဆိုသဖြင့် ယခုထက်တိုင် မပြင်ဆင်နိုင်ခဲ့သေးပါ။ နာမည်တစ်လုံးနှင့်မနေ၍ အလုပ်ရှုပ်နေရခြင်းပါတကားဟု အောက်မေ့မိပါတော့သည်။ တစ်ဆက်တည်းမှာပင် အကြောင်းအမျိုးမျိုးကြောင့် အမည်စာလုံးလွဲချော်နေသူများ၊ အမည်နှစ်မျိုး (သို့) သုံးမျိုးရှိကြသူများအဖို့ ခိုင်လုံသောအထောက်အထားဖြင့် ပြင်ဆင်ဖြည့်စွက်မှုလွယ်ကူမည်ဆိုပါက ကောင်းလေစွဟုလည်း အောက်မေ့မိလိုက်ပါသေးသည်။

ထိုကဲ့သို့ လူအများသိသည့်အမည်နှင့် မှတ်ပုံတင်ပါအမည် ကွဲလွဲနေပါက မလိုလားအပ်သည့်အရှုပ်အရှင်းကိစ္စများ ပေါ်ပေါက်လာနိုင်သည်ဟုလည်း ယူဆမိပါသည်။ ဥပမာအနေဖြင့် လူတစ်ဦးသည် အမှုကိစ္စတစ်စုံတစ်ရာဖြစ်ပွားရာ၌ ၎င်းအား မောင်ဖြူဟု လူအများကသိရှိခေါ်ဝေါ်သဖြင့် မောင်ဖြူဟူ၍ပင် စွပ်စွဲရာ ၎င်းမှာမောင်ဖြူမဟုတ်ပါကြောင်း၊ မှတ်ပုံတင်ပါနာမည်အရ မောင်နီဖြစ်ပါသည်ဟူ၍ ခေါင်းရှောင်နိုင်သည့်အနေအထားမျိုး ဖြစ်ပါသည်။ သို့ဖြစ်၍ မှတ်ပုံတင်ကတ်ပြားပါအမည်မှာ တိကျမှန်ကန်ရန် အရေးကြီးပါသည်။ မှတ်ပုံတင်ပါအမည်နှင့် လူအများသိရှိခေါ်ဝေါ်နေသည့် အမည် မတူညီကွဲလွဲခြင်းကို အကြောင်းပြုလျက် အမှုအခင်းများမှ ခေါင်းရှောင်လွတ်မြောက်နေသူ မည်ရွေ့မည်မျှရှိမည်ကိုတော့ မသိနိုင်တော့ပါ။

နေရပ်လိပ်စာဖော်ပြချက်နှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးရမည်ဆိုလျှင် မှတ်ပုံတင်ကတ်ပြားအား စတင်ပြုလုပ်စဉ်က ‘အေ’ မြို့၏ ‘အေ’ ရပ်ကွက်၊ ‘အေ’ လမ်း၊ အိမ်အမှတ် (---) တွင် နေထိုင်ရာမှ ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် အခြားနေရပ်၊ အခြားမြို့သို့ ပြောင်းရွှေ့အခြေချနေထိုင်ရသည့်အခါမျိုးတွင်လည်းကောင်း၊ လုပ်ငန်းသဘောသဘာဝအရနှင့် ပြည်သူ့ဝန်ထမ်းတို့၏ အနေအထားအရ တစ်မြို့ပြီးတစ်မြို့ ရွှေ့ပြောင်းနေထိုင်ရသည့်အခါမျိုးတွင်လည်းကောင်း၊ သက်ဆိုင်သူလူတစ်ဦး၏ နေရပ်လိပ်စာနှင့် မှတ်ပုံတင်ပါနေရပ်လိပ်စာတို့မှာ မတူညီနိုင်တော့ပါ။ ထိုသို့မတူညီသည်ကို ဘာများအရေးလုပ်ရန် ရှိသလဲဟု မေးစရာဖြစ်လာပါသည်။

ပြောစရာတော့ရှိပါသည်။ တွေ့ကြုံဖူးသည့်ဖြစ်ရပ်တစ်ခုမှာ ခရီးသွားဧည့်သည်တစ်ဦး တည်းခိုခန်း၌ လာရောက်တည်းခိုရာမှ ၎င်း၏ရောဂါအခြေအနေကြောင့် မမျှော်လင့်ဘဲ ရုတ်တရက်သေဆုံးသွားခဲ့ပါသည်။ တည်းခိုခန်း၏တာဝန်ရှိသူများမှ သေဆုံးသူ၏မှတ်ပုံတင်ပါ လိပ်စာအတိုင်း ၎င်း၏မိသားစုဝင်များအား မရမကသွားရောက်ရှာဖွေဆက်သွယ်ကြည့်ရာ အိမ်နီးနားချင်းများ၊ ရပ်ကွက်လူကြီးများ၏ ပြောကြားချက်အရ ၎င်းသေဆုံးသူမိသားစုမှာ အခြားတစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့သွားသည်မှာ နှစ်များစွာကြာပြီဖြစ်ကြောင်း၊ ယခုအခါ မည်သည့်နေရာ၌ နေထိုင်ကြသည်ကို မသိရှိပါကြောင်းဖြင့်သာ မသိနိုင်တော့၍ ထိုသူအား ၎င်းသေဆုံးနေသည့်မြို့၌ပင် သင်္ဂြိုဟ်ပေးခဲ့ရပါသည်။ ထိုသူသေဆုံးသည်ကို ထိုသူ၏မိသားစုဝင်များ မည်သည့်အချိန်ကျမှ သိရှိကြပါမည်နည်း။ ထိုသို့ သေသွားသူကို မသိရှိဘဲ ဘယ်အချိန်မှ အိမ်ပြန်လာပါ့မလဲဟူ၍ပင် မျှော်နေကြဦးမည်လား။ ခရီးသွားလာကြရာမှ မမျှော်လင့်ဘဲ အခြားတစ်နယ်တစ်ကျေးတွင် ရုတ်တရက်သေဆုံးသွားကြသူများအနက် ဆွေမျိုးမိသားစုများ မသိရှိလိုက်ရဘဲ သင်္ဂြိုဟ်ခံခဲ့ရသူ မည်ရွေ့မည်မျှရှိမည်ကိုတော့ မသိနိုင်တော့ပါ။ အကယ်၍များ တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့နေထိုင်ရမည်ဆိုလျှင်လည်း မိမိပြောင်းရွှေ့နေထိုင်မည့် နေရပ်လိပ်စာအတိအကျကို သက်ဆိုင်ရာရပ်ကွက်ရုံး (သို့) လ-ဝ-က သို့ အသိပေးအကြောင်းကြားထားမည်ဆိုလျှင် အချိတ်အဆက်ပြုရ လွယ်ကူနိုင်မည်ဟု တွေးမိပါသည်။ အခြားကိစ္စရပ်များစွာအတွက်လည်း အကျိုးရှိနိုင်မည့် နည်းလမ်းဖြစ်ပါလိမ့်မည်။

မှတ်ပုံတင်ကတ်ပြားနှင့်ပတ်သက်၍ တွေ့ရှိရတတ်သေးသည်မှာ အချို့သူများထံ၌ မှတ်ပုံတင်ကတ် နှစ်ကတ်ရှိနေခြင်းပင်ဖြစ်သည်။ ယခင်နေထိုင်သည့်မြို့၌ မှတ်ပုံတင် ကတ်တစ်ခုရရှိထားပြီး ယခုရောက်ရှိနေထိုင်သည့်မြို့တွင်ပင် အကြောင်းတိုက်ဆိုင်၍လော၊ ကြိုးစားဖန်တီးယူ၍လော မသိ။ နှစ်တစ်နှစ်တွင် မှတ်ပုံတင်ကတ်ပြား မရရှိသေးသူများအတွက် ကွင်းဆင်းပြီးပြုလုပ်ပေးခဲ့ကြရာ ရှိနှင့်ပြီးသူအချို့ကပါ ရောယောင်ပြီး ပြုလုပ်ခဲ့မိကြသည်လား မသိနိုင်တော့ပြီ။

တစ်ခုကြုံတွေ့ဖူးပါသည်။ ယခင်နေထိုင်သည့်မြို့၌ ပြုလုပ်ခဲ့သည့် မှတ်ပုံတင်ကတ်ပြားပျောက်ဆုံးသွားရာ ထိုမြို့အထိသွားရောက်ပြီး ပြန်လည်လျှောက်ထားထုတ်ယူရန်အတွက် ခရီးဝေးကွာပြီး စရိတ်စက ကုန်ကျမှုများလှသဖြင့် ဌာနေမြို့သို့ ပြန်မလျှောက်တော့ဘဲ ယခုရောက်ရှိပြီး အခြေချနေသည့်မြို့၌ပင် မှတ်ပုံတင်ကတ်ပြားအသစ်တစ်ခုကို ရသည့်နည်းဖြင့် မရရအောင် လျှောက်ထားရယူမိခဲ့သဖြင့် သက်ဆိုင်ရာမှ စုံစမ်းသိရှိသွားသည့်အချိန်တွင် မှတ်ပုံတင်ကတ်ပြား ၂ ခုကိုင်ဆောင်မှု၊ လိမ်လည်လျှောက်ထားမှုတို့ဖြင့် တရားစွဲအရေးယူခံရသည့်ကိစ္စ ဖြစ်ပါသည်။ အမှန်ပင်ထိုသူမှာ ငွေရေးကြေးရေး သိပ်ပြေလည်မှု မရှိလှပါ။ ၎င်းသိရသလောက်ဆိုလျှင် မှတ်ပုံတင်မှာ တစ်ခါတည်းသွားရုံဖြင့် မရနိုင်ခြင်း၊ အခေါက်ခေါက်အခါခါသွားဖို့ဆိုလျှင်လည်း လုံးဝအဆင်မပြေသည့် အနေအထားမျိုးဖြစ်နေခြင်းတို့ကြောင့် ကြံရာမရသည့်အဆုံး မှတ်ပုံတင်ကတ်ပြားမရရှိဖူးသေးသည့်သူတစ်ဦး အနေဖြင့် လျှောက်ထားရယူခဲ့ခြင်းဖြစ်ပါကြောင်း ပြောဆိုရှင်းပြပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဤကဲ့သို့ဖြစ်ရပ်မျိုး မည်မျှရှိနေမည်ကိုတော့ မသိနိုင်တော့ပါ။ ဤကိစ္စနှင့်စပ်လျဉ်းပြီး တွေးမိသည်မှာ မြန်မာနိုင်ငံအနှံ့အပြားတွင် လ-ဝ-ကဌာန ရောက်ရှိထားသည်ဖြစ်ရာ အခြားနယ်မှလူတစ်ဦး ကိုယ့်နယ်ထဲသို့ မှတ်ပုံတင်ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့လျှင် ကိုယ့်ဌာနမှတစ်ဆင့် ၎င်းသူ၏မှတ်ပုံတင်ပြုလုပ်ရာဌာနသို့ အသိပေးအကြောင်းကြား စုံစမ်းမေးမြန်းပြီး မှန်ကန်ပါက ဌာနအချင်းချင်း၏ ဆောင်ရွက်မှုဖြင့်ပင် ယာယီ (သို့) မူရင်းကတ်ပြား မိတ္တူကွဲအား ပြုလုပ်ပေးနိုင်မည်ဆိုလျှင် အများပြည်သူအဖို့ အလွန်ပင်အဆင်ပြေနိုင်ဖွယ်ရှိမည်ဟု ယူဆပါသည်။ လ-ဝ-က ဌာနသာမဟုတ် အစိုးရဌာနတိုင်းဌာနတိုင်းရှိ အရာထမ်း၊ အမှုထမ်းအားလုံးတို့မှာ ပြည်သူထဲမှ ပြည်သူများသာဖြစ်ပြီး ပြည်သူ့ဝန်ထမ်းတိုင်းအနေဖြင့် အများပြည်သူတို့အတွက် အဆင်ပြေလွယ်ကူစေနိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေပြီး လေးဖင့်နှောင့်နှေးကြန့်ကြာ စိတ်ဒုက္ခရောက်စေသည့် နည်းဟောင်းလမ်းဟောင်း အကျင့်ဟောင်းများကို ပြုပြင်ကာ စိတ်ရင်းစေတနာကောင်း မွန်စွာဖြင့် တာဝန်ထမ်းဆောင်သွားမည်ဆိုပါက ယခုလက်ရှိ မျှော်မှန်းချီတက်နေသည့် စည်းကမ်းပြည့်ဝသော ခေတ်မီဒီမိုကရေစီနိုင်ငံတော်သို့ မျက်နှာပန်းလှစွာဖြင့် ရောက်ရှိနိုင်မည်ဟု ယူဆပါသည်။

ထို့ပြင် မှတ်ပုံတင်ကတ်ပြား၏ ပုံသဏ္ဌာန်နှင့် မှတ်ပုံတင်ကတ်ပြားပါ ဖော်ပြချက်၊ စည်းကမ်းချက်စသည်တို့မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီတစ်ပုံစံတည်း၊ အရွယ်အစားတစ်သမတ်တည်းဖြစ်စေမည့် စံချိန်စံညွှန်းတစ်ခုကို သတ်မှတ်ပြုလုပ်ပေးနိုင်မည်ဆိုပါက ကောင်းလေစွ။ ဆေးမပြယ်၊ ကြာရှည်ခံ၊ ဆောင်ရလွယ်ကူစေမည့် (Smart Card) ကဲ့သို့ ဖြစ်လာမည်ဆိုပါကလည်း ကောင်းလေစွပါပဲ။

လာမည့် ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်နှင့် ဧပြီလ ၁၀ ရက်ကြားတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ရာ ယင်းအချိန်၌ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ပျံ့နှံ့မှီတင်းနေထိုင်ကြသည့် လူကြီး၊ လူငယ်၊ မိန်းမနှင့် ကလေးအပါအဝင် လူဦးရေမည်ရွေ့မည်မျှ ရှိနေသည်ကိုလည်းကောင်း၊ ဘွဲ့ရပညာတတ်၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် မည်မျှရှိသည်ကိုလည်းကောင်း၊ အလုပ်အကိုင်ရှိသူ၊ မရှိသူကိုလည်းကောင်း၊ နိုင်ငံသားနှင့် ဧည့်နိုင်ငံသား အခြေအနေကိုလည်းကောင်း တိကျသောကိန်းဂဏန်းဖြင့် သိရှိနိုင်တော့မည်ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

၁၉၉၃ ခုနှစ်မှစ၍ ငွေချေးသူကိုယ်တိုင် ဘဏ်သို့ လာရောက်ချေးယူပေးဆပ်စေသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ကိုယ်စား ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းသည့် **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးရမည့် ကျေးရွာအုပ်စုများသို့ နိုင်ငံတော်ခရီးစရိတ် အသုံးပြု၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၁၉၉၃ ခုနှစ်မှစ၍ ငွေချေးသူကိုယ်တိုင် ဘဏ်သို့ လာရောက်ချေးယူပေးဆပ်စေသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရပါကြောင်း၊ ငွေပမာဏနည်းစဉ်က ရွာသို့ ငွေကြေးသယ်ယူသွားရသည်မှာ အခက်အခဲမရှိသော်လည်း ယခုငွေပမာဏများလာပါက ငွေကြေးလုံခြုံရေးအရ လွန်စွာအန္တရာယ်များပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ငွေချေးပေးသည့်ကျေးရွာအုပ်စုများသို့ ကွင်းဆင်းသွားရောက်၍ ငွေထုတ်ချေးနိုင်ခြင်း မရှိသော်လည်း မြို့နယ်ဘဏ်ခွဲဖွင့်လှစ်ထားခြင်းမရှိသည့် မြို့နယ်များမှ တောင်သူများ ငွေထုတ်ချေးရေး လွယ်ကူစေရန် နီးစပ်ရာပူးတွဲကိုင်မြို့နယ်များသို့ သွားရောက်ငွေထုတ်ချေးပေးပါကြောင်း၊ ချေးငွေအမျိုးအစားအလိုက် ငွေထုတ်ချေးသည့်ကာလမှာ (၃)လကျော်ခန့်ရှိရာ ကွင်းဆင်းထုတ်ချေးပါက သတ်မှတ်ကာလအတွင်း အမီထုတ်ချေးနိုင်ရန် မလွယ်ကူပါ၍ လက်ရှိအနေအထားတွင် ကျေးရွာများသို့ သွားရောက်ကွင်းဆင်းထုတ်ချေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးအုန်းသန်း

ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အမှတ်လျှော့ပေါ့လျက် တက်ရောက်ခွင့်ပြုထားသော ဆရာဝန်သင်တန်းသား၊ သင်တန်းသူများ** မည်မျှတက်ရောက်ခွင့်ရရှိထားသည်၊ မည်သည့်တိုင်း၊ ဒေသမှဖြစ်သည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခုမှ ဆေးတက္ကသိုလ်(မကွေး)သို့ တက်ရောက်ခွင့်ရရှိသူများမှာ နာဂဒေသမှ ၂၀၁၃ ခုနှစ်တွင် (၂)ဦး၊ ဓနုဒေသမှ ၂၀၁၂ ခုနှစ်တွင် (၂)ဦး၊ ၂၀၁၃ ခုနှစ်တွင် (၂)ဦး၊ ပအိုဝ်းဒေသမှ ၂၀၁၂ ခုနှစ်တွင် (၅)ဦး၊ ၂၀၁၃ ခုနှစ်တွင် (၅)ဦး၊ ပလောင်ဒေသမှ ၂၀၁၂ ခုနှစ်တွင် (၁)ဦး၊ ၂၀၁၃ ခုနှစ်တွင် (၁)ဦး၊ ကိုးကန့်ဒေသမှ ၂၀၁၃ ခုနှစ်တွင် (၁)ဦး၊ "ဝ"ဒေသမှ ၂၀၁၃ ခုနှစ်တွင် (၁)ဦး စုစုပေါင်း (၂၀) ဦး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေး ခက်ခဲသောဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအနက် သတ်မှတ်ချက်နှင့်ကိုက်ညီသူ ကျောင်းသား ကျောင်းသူများအား မူလဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်အောက် လျှော့ပေါ့စဉ်းစား၍ အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး တက်ရောက်သင်ကြားခွင့်ပေးခဲ့ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တင်သွင်းသည့် **"စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်း"** ကို လွှတ်တော်၏အတည်ပြုချက်ရယူခဲ့ပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဓာတ်အားလိုင်းများအား အဆင့်မြှင့်တင်ခြင်းဖြင့် တိုးချဲ့သုံးစွဲလာသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှအေး၏ **"တနင်္သာရီတိုင်းဒေသကြီး ထားဝယ်-မြိတ်-ကော့သောင်း မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ဖွဲ့စည်းပုံအခြေခံဥပဒေရ တနင်္သာရီတိုင်းဒေသကြီးအတွင်း အသေးစား၊ အလတ်စား၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းအား သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ အဆိုပါဒေသတွင် လက်ရှိအခြေအနေအရ မဟာဓာတ်အားလိုင်းစနစ် ဆက်သွယ်နိုင်ခြင်း မရှိသေးသဖြင့် ဒေသတွင်း အသေးစား၊ အလတ်စား ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ လက်ရှိမြို့များအတွင်း တည်ဆောက်ထားသော ဓာတ်အားလိုင်းများအား အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် တိုးချဲ့သုံးစွဲလာသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ထိုသို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏများပြားသည့်အတွက် အစိုးရဘဏ္ဍာငွေတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်သဖြင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအား ဘီအိုတီစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် DELCO ကုမ္ပဏီလီမိတက်နှင့် နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ သဘာဝစွမ်းအင်လိုင်းကုမ္ပဏီလီမိတက်နှင့် ပဋိညာဉ်စာချုပ်ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါရေအားလျှပ်စစ်စီမံကိန်းအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တရားဝင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းလျှပ်စစ်စီမံကိန်းများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးကို တိုက်ရိုက်အထောက်အကူပြုမည့် စီမံကိန်းများဖြစ်၍ ပြည်သူများကလည်း ဒေသအကျိုးငှာ ပူးပေါင်းကူညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာသော ဓာတ်အားကို နိုင်ငံတော်မှဝယ်ယူ၍ သတ်မှတ်ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ်မှာ နိုင်ငံတော်မှ တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် မော်လမြိုင်-ရေး-ထားဝယ်-မြိတ် မဟာဓာတ်အားလိုင်း စီမံကိန်းပြီးစီးမှသာ လိုအပ်ချက်အပေါ် မူတည်၍ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကော့သောင်းမြို့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့စီမံမှုဖြင့် သန်းဖြိုးသူကုမ္ပဏီက မြို့နယ်ပြည်သူများအား လတ်တလော လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန်အတွက် ဒီဇယ်စက်ဖြင့်လည်းပတ်မောင်းနှင်ဓာတ်အားပေးနေပြီး သင့်တင့်မျှတသည့် တစ်ယူနစ်

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှအေး

ဒုတိယဝန်ကြီး ဦးမော်သာထွေး

(၃၇၀)ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဓာတ်အားခများကို ပြည်သူများနှင့် လုပ်ငန်းရှင်များ နစ်နာမှုမရှိစေသည့် ညှိနှိုင်းဈေးနှုန်းများဖြင့် စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် မော်လမြိုင်-ရေး-ထားဝယ် (၂၃၀)ကေဗွီဓာတ်အားလိုင်း စီမံကိန်းအား ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဓာတ်အားလိုင်းအူကြောင်း တိုင်းတာခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါဓာတ်အားလိုင်းအတွက် လိုအပ်သောငွေကြေးကို ပြည်ပချေးငွေ ရရှိရေးအတွက် အဆိုပြုညှိနှိုင်းလျက်ရှိပါကြောင်း၊ ထားဝယ်-မြိတ်-ကော့သောင်း (၂၃၀)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ မြိတ်-ဘုတ်ပြင်း-ကော့သောင်း (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း တည်ဆောက်ရန် လျာထားပါကြောင်း၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လျာထားငွေခွင့်ပြုချက်ရရှိပြီးသည်နှင့်တစ်ပြိုင်နက် တင်ဒါခေါ်ဆိုပြင်ဆင်ခြင်း၊ နိုင်ငံခြားမှ ပစ္စည်းမှာယူတင်သွင်းခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအား လိုင်းအရှည်နှင့်ဓာတ်အားခွဲရုံ ပမာဏပေါ် မူတည်၍ (၂)နှစ်ခွဲခန့် ကြာမြင့်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **"စက်မှုဇုန်များမှထုတ်လုပ်ခဲ့သည့် အရည်အသွေးနိမ့်ကျသော မော်တော်ယာဉ်များအတွက် ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က စက်မှုဇုန်ထုတ် မော်တော်ယာဉ်များသည် ၂၀၁၁ ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်၍ မှတ်ပုံတင်သက်တမ်းအနှစ်(၂၀) ကျော်ကာလသို့ မရောက်ရှိသေးပါကြောင်း၊ သို့သော် ပြည်တွင်းစက်မှုဇုန်ထုတ် မော်တော်ယာဉ်အချို့သည် အရည်အသွေးကျဆင်းသဖြင့် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ပြုပြင်၊ ပြင်ဆင်မှုများစွာ ပြုလုပ်နေရသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ခြင်းမရှိသော စက်မှုဇုန်ထုတ် မော်တော်ယာဉ်အား ထုတ်လုပ်သည်မှ အချိန်ကာလတစ်ခု သတ်မှတ်၍ ပိုင်ရှင်ဆန္ဒအရ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော **မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီ၏(၂/၂၀၁၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကနောင်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာ ကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီးအစိုးရ စွမ်းအင်နှင့် သစ်တောဝန်ကြီး ဦးကျော်စိုး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ စည်ပင်သာယာရေး ကော်မတီများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းရပ်များသည် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ပါက ပြည့်စုံသည့် အခြေအနေတွင် မရှိပါသဖြင့် ဝန်ကြီးဌာနများပေါင်းစပ်၍ လုပ်ကိုင်ဆောင်ရွက်မှုသာ အဆင်ပြေနိုင်မည်ဖြစ်၍ နိုင်ငံတော်အစိုးရမှ နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

ပြည်သူလူထု၏ အကြံပြုတင်ပြမှုများကို လိုလားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရကလည်း ကူညီပေးစေလိုပါကြောင်း၊ ရရှိသော ရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တိကျမှန်ကန် မြန်ဆန်ရေး၊ လေလွင့်မှုမရှိစေရေး ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ရေစီးရေလာ ကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီသို့ အကြံပြုစာများ၊ အကြံပြုချက်များ လိုအပ်ပြီး သို့မှသာ လူထု၏ အခက်အခဲများ ပိုမိုသိရှိနိုင်မည် ဖြစ်ပါကြောင်း၊ အကြံပြုချက်များအား ရဲဝံ့စွာတင်ပြစေလိုကြောင်း၊ ပြည်သူများ၏ တင်ပြချက်များကို အထူးအလေးထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးစိုးတင့်က ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းသည် တစ်နှစ်တည်းဆောင်ရွက်ရမည့် လုပ်ငန်းများမဟုတ်ဘဲ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ လိုအပ်သော မြေပြင်စစ်ဆေးတိုင်းတာ တွက်ချက်မှုပြုလုပ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော ရေထိန်းတံခါး၊ ရေတံခါး၊ ရေထုတ်ပြွန်၊ ရေမြောင်းစသည်တို့အား ဦးစားပေးအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရေပိတ်ဆို့မှုသည် အဘယ်ကြောင့် ပိတ်ဆို့မှုဖြစ်ရသည်ကို ရှာဖွေကြရမည်ဖြစ်ပြီး ရေစီးရေလာကောင်းမွန်ရေး အဆင့်အလိုက် မိုးမကျမီကာလအတွင်း ဆောင်ရွက်၍ ရေရှည်စီမံကိန်းများ ချမှတ်ပြီးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်သူလူထုအနေဖြင့်လည်း စည်းကမ်းရှိကြရန်လိုအပ်ပြီး အမှိုက်များစွန့်ပစ်ရာတွင် သတ်မှတ်ထားသော နေရာများတွင် စွန့်ပစ်ကြရန်လိုကြောင်း၊ အမှိုက်ပစ်ရန်နေရာများကို သတ်မှတ်ပေးရန်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍မရဘဲ အားလုံးစုပေါင်းညီညွတ်စွာ ဆောင်ရွက်ရန် လိုပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းတွင် မကွေးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက် တာဝန်(၃)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတွင် ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်း၊ E Visa စနစ် အကောင်အထည်ဖော်ခြင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ အမြဲတမ်းနေထိုင်ခွင့်စနစ်ဖော်ဆောင်ခြင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၌ ခေတ်မီစက်ကိရိယာများတိုးချဲ့တပ်ဆင်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ဂိတ်များ ဖွင့်လှစ်ပေးခြင်း၊ အမျိုးသားမှတ်ပုံတင်ရေးလုပ်ငန်းတွင် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးခြင်း၊ လူဦးရေစာရင်းဇယားထိန်းသိမ်းခြင်းလုပ်ငန်းတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအောင်မြင်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ခြင်းစသည့်လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကော့သောင်းမြို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှု လှုံ့ဆော်ရေး မြေစိုက်ပိုစတာအား ဖေဖော်ဝါရီ ၁၇ ရက်က ပိတောက်ရွှေဝါရပ်ကွက် မြရည်ပုလဲလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် လမ်းဆုံတွင် စတင်စိုက်ထူထားစဉ်။ ကျော်စိုး(ကော့သောင်း)

❖ **ရွှေဖုံးမှ**

အဓိက လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဂရိတ်ဟော်ခမ်းအများပိုင် ကုမ္ပဏီလီမိတက်မှ မူဆယ်ဒေသ နမ့်ပေါ်ချောင်းအား တမံပိတ် ရေအားလျှပ်စစ်ဓာတ်အား ထွက်ရန် စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။

ယင်းနမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်းမှာ မူဆယ်မြို့မှ ငါးမိုင်အကွာ မန့်မန်း၊ စယ်လန့်၊ မော်တောင်းကျေးရွာများကို အခြေပြုပြီး ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီလီမိတက်မှ အကျိုးတူ BOT စနစ်ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ ကျောက်ဖြည့်တမံအမြင့် ၂၆ ပေ၊ အလျား ၅၄၂ ပေရှိပြီး ရေပို၊ ရေလွှဲဥမင်အလျား ၁၀၃၄ ပေ၊ အကျယ် ၃၂ ပေ၊ အမြင့် ပေ ၂၀၊ ဖိအားမြင့်ပိုက်လိုင်းအလျား ၅၇၈ ပေ၊ အချင်း ၁၇ ပေရှိ နိုင်ငံတကာစံဖြင့် ဆောက်လုပ်ကာ စက်တပ်ဆင်အင်အားမှာ ၃×၅=၁၅ မဂ္ဂါဝပ်ဖြစ်ကြောင်း ဂရိတ်ဟော်ခမ်း အများပိုင်ကုမ္ပဏီလီမိတက်အုပ်ချုပ်ရေးမှူး ဒါရိုက်တာဦးစိုင်းအုန်းမြင့်က နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း အဆိုပြုလွှာများဖြင့် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ဆင်းရွှေလီခန်းမ MCBD စီမံကိန်းရုံး မူဆယ်မြို့တွင် သက်ဆိုင်ရာများနှင့် ဒေသအတွင်းပြည်သူများကို ရှင်းလင်းခဲ့ပါသည်။

လက်ရှိ မူဆယ်မြို့နယ်တွင် အသုံးပြုဓာတ်အားပမာဏမှာ ၁၀ မဂ္ဂါဝပ်သာရှိပြီး ယခုထုတ်လုပ်မည့် လျှပ်စစ်ပမာဏမှာ ၁၅ မဂ္ဂါဝပ်ရှိသဖြင့် ဒေသတွင်း မူဆယ်မြို့ပြ စီမံကိန်းသစ်အတွက် များစွာအထောက်အကူပြုသွားမည်ဖြစ်ပေသည်။ တည်ဆောက်ရေးကာလမှာ လပေါင်း ၃၀ ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ၂၇ ဒသမ ၁၂ ဘီလီယံဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သက်ဆိုင်ရာအကြိုအကဲများနှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးပြီးပါက Planing, Design, Eia, SIA စသည့် လုပ်ငန်းများ တစ်နှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ပြီး ရှမ်းပြည်နယ်အစိုးရနှင့် MoA ရေးထိုးပြီး လပေါင်း ၃၀ အတွင်း စီမံကိန်းပြီးစီးအောင်လိုအပ်သည့် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီလီမိတက် အုပ်ချုပ်ရေးဒါရိုက်တာ ဦးစိုင်းအုန်းမြင့်က မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး အဆိုပြုရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် တင်ပြခဲ့သည်။ အဆိုပါ စီမံကိန်းပြီးစီးပါက မဟာဓာတ်အားလိုင်းပေါ်ချိတ်ဆက်ပေးပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှ ဆက်လက် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဤကဲ့သို့ မူဆယ်မြို့ပြစီမံကိန်းတွင် ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီမှ လျှပ်စစ်စွမ်းအားတိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးရခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအား အထောက်အကူဖြစ်စေရန်နှင့် အနာဂတ်တွင် နိုင်ငံတော်၏ စက်မှုဇုန်စီမံကိန်းများ၊ လူမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြှင့်ရေးလျာထားမှုအပေါ် လျှပ်စစ်စွမ်းအင်အသင့်အတင့်အထောက်အကူဖြစ်စေရန် ဖြစ်ကြောင်းနှင့် ဒေသအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့် ယင်းဒေသခံ ပန်ခမ်း၊ နောင်ရမ်းနှင့် တိန်းလုံကျေးရွာရှိ လယ်ယာမြေများအား တစ်နှစ်ပတ်လုံး ရေရရှိရေးနှင့် သီးပင်စိုက်ပျိုးရေးကိုလည်း အထောက်အကူပြုသွားမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၁၈-၂-၂၀၁၄

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	၁၁း၂၅ တေးဂီတအစီအစဉ်
၆း၂၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ	၂း၃၀ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆း၃၀ ကြေးမုံရိပ်သွင်တေးနှုယည်	၄း၃၀ "၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ" (သမိုင်းဘာသာရပ်) -ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ
၇း၂၀ ပြည်သူတို့ရဲ့စကားသံများ	
၉း၂၅ "မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း စကားဝိုင်းဆွေးနွေးခန်း" (အပိုင်း-၁)	

ကုန်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်

မကွေး ဖေဖော်ဝါရီ ၁၇

ရန်ကုန်-ပြည်-မကွေးကားလမ်း သစ်ရာကောက်-ကိုးပင်ကားဖြတ်လမ်း မိုင်တိုင်(၉/၆)နှင့် (၉/၇)ကြား၌ ဖေဖော်ဝါရီ ၁၅ ရက် ည ၉ နာရီခွဲခန့်တွင် ကုန်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် ည ၉ နာရီခွဲခန့်တွင် သစ်ရာကောက်-ကိုးပင်ကားဖြတ်လမ်း မိုင်တိုင်(၉/၆)နှင့် (၉/၇)ကြား စမ်းမကြီးကျေးရွာအနီး၌ မကွေးမြို့မှ ရန်ကုန်မြို့သို့သွားရန် ယာဉ်မောင်း ကျော်ထူး မောင်းနှင်လာသော ယာဉ်အမှတ် ၆ဂ/---(ကိုရီးယားကီးယား KIA) ဖြူနီကျား ၁၄ ဘီး ကုန်တင်ယာဉ်သည် နှမ်းလှော်မှုန့်အိတ်များ(နိုင်ငံခြားပို့ရန်)တင်ဆောင်လာစဉ် နောက်ယာဘက်ဘီးပေါက်နေသည်ကိုမသိရှိဘဲ ဆက်လက်မောင်းနှင်နေစဉ် တာယာနှင့် ဒစ်စဝိုးခွေ အချိန်ကြာမြင့်စွာ ပွတ်တိုက်မှုကြောင့် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်ပွားရာသို့ မကွေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်သိန်းဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် မီးသတ်ယာဉ်တစ်စီး၊ ကိုးပင်ကျေးရွာမှ အရန်မီးသတ် ငါးဦးနှင့် မီးသတ်ယာဉ်တစ်စီးတို့ ရောက်ရှိလာပြီး မီးငြိမ်းသတ်ရာ ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့ပြီး လူထိခိုက်သေဆုံးခြင်းမရှိဘဲ မော်တော်ယာဉ်တစ်စီးလုံးတွင် ကားဖရိန်သာ ကျန်ခဲ့ကာ ယာဉ်မောင်းကျော်ထူးမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သိန်းက ပြောသည်။ **တင်ထွန်းဦး(IPRD)**

ကျန်းမာရေးအသုံးစရိတ်များတိုးမြှင့်ချထားမှုအပေါ် အလေအလွင့်မရှိအောင်စနစ်တကျသုံးစွဲ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်လေဆိပ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံကာ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ ဓမ္မသီရိဆေးရုံကြီး ဓာတ်လှေကားနှင့် လျှပ်စစ်စနစ်၊ ခွဲစိတ်ခန်း၊ လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကာ ရေသန့်စနစ်ကို ဆေးရုံစံညွှန်းနှင့်ကိုက်ညီအောင် ပြန်လည်ပြုပြင်နိုင်ရန် ညှိနှိုင်းပေးပြီး ဆေးရုံဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့နယ် ပြည်သူ့ဆေးရုံ လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ကာကွယ်ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံသည်။

ထို့နောက် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဗလမင်းထင်ခန်းမ၌ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်ချထားပေးမှုအပေါ်တွင် အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲရန်လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ဒေသခံများနှင့် ဆေးရုံဝန်ထမ်းများ အပြန်အလှန် ကူညီစောင့်ရှောက်ခြင်းဖြင့် မိမိတို့မြို့နယ်၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသန်းညွန့်က ဒေသခံများအနေဖြင့် နေထိုင်မှုဘဝပုံစံပြောင်းလဲနေထိုင်ပါက မကူးစက်ခြင်းကြောင့်ဖြစ်သော ရောဂါများလျော့ပါးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ပြုပြင်တည်ဆောက်ခြင်း၊ ဆေးရုံအသေးစားပြုပြင်ခြင်းတို့ကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး ပြည်သူလူထုအခြေပြု လူနာတင်ယာဉ်စနစ် ထူထောင်ရေး၊ အရေးပေါ်လူနာပြုစုရန် လိုအပ်ပါက ပြုစုတတ်အောင် ရပ်ရွာလူထုအား သင်ကြားပေးနိုင်ရေး အကြံပြုပြောကြားကာ မိုင်းယောင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဆေးသိုလှောင်ရုံတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံ၌ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများအားတွေ့ဆုံပြီး ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်ရန်၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်ဒေသအထိ ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းစေနိုင်မည်ဖြစ်ကြောင်းပြောကြားကာ လူနာဆောင်၊ မွေးကင်းစကလေးကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ဒုချီးရားတန်းကျေးရွာဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဆက်လက်စုံစမ်းစစ်ဆေး

မောင်တော ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရောက်ရှိနေသော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းမှ စတင်ကာ မောင်တောမြို့နယ်ရှိ ဒုချီးရားတန်းကျေးရွာနှင့် ဘင်္ဂါလီကျေးရွာများသို့ သွားရောက်ပြီး ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ကွင်းဆင်းကြည့်ရှုမေးမြန်းကြသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေသခံရခိုင်တိုင်းရင်းသားများနှင့်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဒုချီးရားတန်း(အနောက်)ကျေးရွာသို့ ရောက်ရှိကြပြီး ဇန်နဝါရီ ၂၈ ရက်တွင် ဒုချီးရားတန်း(အနောက်) ကျေးရွာ မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် မည်သူ့ပယောဂကြောင့် မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းတို့ကို အသေးစိတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဒေသခံဘင်္ဂါလီရွာသူရွာသားများအား သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ဒုချီးရားတန်း(အလယ်ရွာ)သို့ ရောက်ရှိကြပြီး ဇန်နဝါရီ ၁၃ ရက်တွင် ဒုချီးရားတန်းကျေးရွာ၌ ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း သေဆုံးရသည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့်အကြောင်းရင်း၊ အခင်းဖြစ်ပွားရာ မြေပြင်အခြေအနေနှင့် ပကတိအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုချီးရားတန်း(အလယ်ရွာ) မူလတန်းလွန်ကျောင်း၌ ဒေသခံဘင်္ဂါလီ ရွာသူ ရွာသားများနှင့် တွေ့ဆုံပြီး ဖြစ်စဉ်နှင့်ပတ်သက်သည်များကို လွတ်လပ်ပွင့်လင်းစွာ အသေးစိတ်မေးမြန်း ဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ခရေမြိုင် ရခိုင် တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရဲကင်း၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာဖြစ်စဉ်နှင့်စပ်လျဉ်း၍ အသေးစိတ်မေးမြန်းကြသည်။

ဆက်လက်၍ ကင်းချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရခိုင်တိုင်းရင်းသား ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံကာ သိရှိလိုသည်များကို အသေးစိတ်မေးမြန်းကြသည်။

ယင်းနောက် ကင်းချောင်းကျေးရွာ သုသာန်နှင့် သံသယရှိဖွယ်ရာနေရာများကို သံသယဖြစ်ဖွယ်ရာ အခြေအနေရှိ၊ မရှိ မှုခင်းဆေးပညာနှင့် တရားဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ (Forensic Experts)တို့နှင့်အတူ ပကတိမြေပြင်အခြေအနေမှန်များကို အသေးစိတ်ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ဘင်္ဂါလီကျေးရွာများနှင့် ရခိုင်တိုင်းရင်းသားကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်အတွင်း ကျေးရွာများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေးအခြေအနေများကိုလည်း အသေးစိတ်ဆွေးနွေးမေးမြန်းခဲ့ကြသည်။ **(သတင်းစဉ်)**

❐ **ဗီတာမင်စီမှ**

ဗီတာမင်စီ ဆက်နွယ်ပတ်သက်မှုကို သိရှိရန် ဦးနှောက်သွေးကြောပေါက်ဖူးသူ(သို့) ဦးနှောက်သွေးခဲမှုဖြစ်ဖူးသူ ၆၅ ဦးနှင့်ဖော်ပြပါရောဂါများမဖြစ်ခဲ့ဖူးသူ ၆၅ ဦးတို့၏ သွေးထဲရှိဗီတာမင်စီအတိုင်းအဆကို စစ်ဆေးခဲ့ရာတွင် ၄၁ ရာခိုင်နှုန်းမှာ ဗီတာမင်စီအတိုင်းအဆပုံမှန်ရှိနေပြီး ၄၅ ရာခိုင်နှုန်းမှာ ဗီတာမင်စီအတိုင်းအဆ လျော့နည်းနေသည်ကို တွေ့ရကြောင်း၊ ကျန် ၁၄ ရာခိုင်နှုန်းမှာ ဗီတာမင်စီချို့တဲ့နေသည်ကို တွေ့ရကြောင်းဆိုသည်။

ဓာတ်ခွဲစမ်းသပ်ချက်များပြုလုပ်ရာတွင် ယေဘုယျအားဖြင့် တွေ့ရှိရသည်မှာ လေဖြတ်ဝေဒနာခံစားခဲ့ရသူများမှာ သွေးထဲရှိ ဗီတာမင်စီအတိုင်းအဆ လျော့နည်းနေပြီး လေဖြတ်ဝေဒနာမဖြစ်ပွားခဲ့ဖူးသူများမှာ သွေးထဲရှိ ဗီတာမင်စီအတိုင်းအဆ ပုံမှန်အနေအထားရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဗီတာမင်စီချို့တဲ့နေသူများမှာ လေဖြတ်နိုင်ခြေပိုများသည်ဟု ကောက်ချက်ချနိုင်ကြောင်း ယင်းလေ့လာဆန်းစစ်ချက်ကို ကမကထပြုလုပ်သူ ပြင်သစ်နိုင်ငံ Pontchaillou တက္ကသိုလ်ဆေးရုံမှ စတီဖင်ဖန်နီယာက ထုတ်ပြန်ချက်တစ်ခု၌ ပြောကြားသည်။

ထို့ပြင် စတီဖင်ဖန်နီယာက ဗီတာမင်စီသည် သွေးပေါင်ကို စနစ်တကျထိန်းညှိပေးပုံရကြောင်း၊ သို့သော် တိတိကျကျသိရှိရန် နောက်ထပ်သုတေသနပြုလုပ်ရန်လိုအပ်ကြောင်း ပြောကြားသည်။ ယခင်ကပြုလုပ်သော လေ့လာဆန်းစစ်မှုများအရ ဗီတာမင်စီချို့တဲ့မှုသည် နှလုံးရောဂါနှင့်ဆက်နွယ်မှုရှိသည်ကို တွေ့ရှိရသည်ဟုဆိုသည်။ **(ဆင်ဟွာ)**

မြန်မာ-ဂျပန် နှစ်နိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီးဒေါ်စုစုလှိုင်၊ ဂျပန်နိုင်ငံမြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Toru Doi နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေသည့် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူလူထု၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သတင်းအချက်အလက်ဖလှယ်မှုမှတစ်ဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်နိုင်ပြီး သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် သဘာဝဘေးအန္တရာယ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးဟူသည့် တူညီသော ရည်မှန်းချက်ပန်းတိုင်သို့ အတူတကွ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီး Mr. Toru Doi ကအမှာစကားပြောကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီး Mr. Toru Doi နှင့်အဖွဲ့အား သင်္ဂဟဟိုတယ် ဧည့်ခန်းမ၌တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအတွက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းများအရည်အသွေးမြင့်မားရေး အခြေခံကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ကွန်ပျူတာအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်အော့ဖ်မြန်မာ၊ မြန်မာ့သတင်းစဉ်မှ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးဆောင်ညွှန်ကြားရေးမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းကို**(အောက်ပုံ)** ဖေဖော်ဝါရီ ၁၇ ရက်မှ မတ်လ ၂၈ ရက်အထိ ရက်သတ္တပတ်ခြောက်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **(ကျော်သူဝင်း)**

နေပြည်တော်၌ စက်မှုလယ်ယာမြေစိုက်ကွင်းများ၊ နွေစပါးစိုက်ခင်းများ၊ စက်မှုလယ်ယာဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီးရှိ ငလိုက်ဆည်ရေသောက် စက်မှုလယ်ယာမြေ ဧက ၄၄၀ စိုက်ကွင်း၌ သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာအနီး ပုလဲသွယ်စပ်မျိုးစပါး(F1)မျိုးစေ့ထုတ်စိုက်ကွင်းဧက ၁၀၀၊ နေကြာစိုက်ခင်းများ **(ယာပုံ)**၊ ဂျပန်မှုရင်းမျိုး ပိန်းဥစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ဈေးကွက်လိုအပ်ချက်အရ တစ်ပိုင်တစ်နိုင်စနစ်မှ စီးပွားဖြစ်စိုက်ခင်းများ ထူထောင်နိုင်ရေးအတွက် လိုအပ်သော မျိုးစေ့နှင့် ပျိုးပင်များကို တောင်သူများထံသို့ ထိထိရောက်ရောက် အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေး မှာကြားသည်။

ယင်းနောက် မတ် ၂ ရက် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇမ္ဗူသီရိမြို့နယ် ငလိုက်ဆည်ရေသောက် ဂုန်မင်းအင်းကျေးရွာရှိ ၃၄၆ ဧကကို စက်မှုလယ်ယာစနစ် ဖော်ထုတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားနိုင်ငံမှ အထောက်အကူပေးမည့် KOICA Agency မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ပညာရှင်များ ပါဝင်သောအဖွဲ့အား တွေ့ဆုံ၍ နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မည့် စီမံကိန်းများကို ဆွေးနွေးရာ KOICA မှ Mr. NAN, Kwon-Hyoung နှင့် ပညာရှင်များက ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ကိုရီးယားနိုင်ငံအစိုးရမှ လယ်ယာကဏ္ဍဆိုင်ရာ အကူအညီပေးမည့် ရိတ်သိမ်းချိန်လွန် နည်းပညာ Machinery Training Centre နှင့် The Saemaul Undong Project တို့ကို လျင်မြန်စွာ စတင်အကောင်အထည်ဖော်ရေး ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဘက်မှ နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍကို အခြေခံ၍ နှစ်နိုင်ငံအစိုးရအချင်းချင်းနှင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ဖော်ဆောင်ရန်၊ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ လက်တွေ့လုပ်ငန်းများကို အလျင်မြန်ဆုံး အကောင်အထည်ဖော်သွားကြရန်နှင့် မြန်မာ့လယ်ယာထွက်ကုန်များကို ကိုရီးယားနိုင်ငံ ဈေးကွက်သို့ ထိထိရောက်ရောက် တင်ပို့ရောင်းချနိုင်ရေးကိစ္စများ လျင်မြန်ချောမွေ့စွာဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ်လအတွင်း နယ်လှည့်သက်တမ်းတိုးခြင်း ဆောင်ရွက်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၄ ခုနှစ် မတ်လအတွင်း နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း လုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁	နေပြည်တော်	တပ်ကုန်း
၂	ရန်ကုန်တိုင်းဒေသကြီး	လှည်းကူး၊ဒလ
၃	မန္တလေးတိုင်းဒေသကြီး	မတ္တရာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး
၄	ရှမ်းပြည်နယ်	ဟိုပုံး၊ ကွမ်းလုံ၊ ဟိုပန်၊ နမ့်ဆန်၊ ကျိုင်းလပ်
၅	ကချင်ပြည်နယ်	ဝိုင်းမော်၊ ရွှေကူ၊ ဟိုပင်
၆	ကရင်ပြည်နယ်	လှိုင်းဘွဲ့
၇	စစ်ကိုင်းတိုင်းဒေသကြီး	ယင်းမာပင်၊ ကျွန်းလှ၊ ကန့်ဘလူ၊ တမူး
၈	တနင်္သာရီတိုင်းဒေသကြီး	ပုလော
၉	ပဲခူးတိုင်းဒေသကြီး	ညောင်လေးပင်၊ပန်းတောင်း
၁၀	မကွေးတိုင်းဒေသကြီး	ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ မင်းတပ်၊ စလင်း၊ အောင်လံ၊ မင်းလှ
၁၁	မွန်ပြည်နယ်	ရေး
၁၂	ရခိုင်ပြည်နယ်	ကျောက်ဖြူ၊ ရမ်းဗြဲ
၁၃	ဧရာဝတီတိုင်းဒေသကြီး	ကျောင်းကုန်း၊မော်လမြိုင်ကျွန်း၊ ညောင်တုန်း၊ ပန်းတနော်၊ဇလွန်

(သတင်းစဉ်)

မွန်ပြည်နယ်အတွင်း လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မော်လမြိုင် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် နှစ်အလိုက် မွန်ပြည်နယ်(၁၀)မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် လောင်းကစားမှုများ ပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို ထိရောက်စွာ ဖမ်းဆီးအရေးယူရေးစီမံချက်ကို မော်လမြိုင်နှင့် သထုံခရိုင်တို့ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နယ်မြေစခန်းမှူးများ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့ရှိ ပြည်သူများ ပူးပေါင်းကူညီမှုကြောင့် မြို့နယ်အသီးသီးတွင် အရှိန်အဟုန်ဖြင့် ဖမ်းဆီးအရေးယူမှုအား စီမံချက်အတိုင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်အရ ၂၀၁၂ ခုနှစ်တွင် လောင်းကစားမှု ၁၂၉ မှု၊ အမျိုးသား အမျိုးသမီး ၂၆၃ ဦး၊ လောင်းကြေးငွေ ၉၅၆၀၅၀၅ ကျပ်ကို လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လောင်းကစားမှု ၁၂၂ မှု၊ အမျိုးသား အမျိုးသမီး ၂၃၉ ဦး၊ လောင်းကြေးငွေကျပ် ၇၃၆၅၂၄၀ ကို လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ဒုတိယပတ်အထိ လောင်းကစားမှု ၁၀ မှု၊ အမျိုးသား အမျိုးသမီး ၁၇ ဦး၊ လောင်းကြေးငွေကျပ် ၁၀၅၈၄၅၀ ကို လည်းကောင်း ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးရောင်းချသူများနှင့်သုံးစွဲသူများကို ဖမ်းဆီးရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၆၈ ဦးထံမှ ဆေးခြောက်အလေးချိန် ၄ ဒသမ ၅၁၇ ကီလို၊ စိတ်ကြွဆေး ၂၀၇၂၄၃ ပြား၊ ဘိန်းစာရွက် ၁၆ ဒသမ ၃၄ ဂရမ်၊ စိတ်ပြောင်းဆေး ၂၇၉ ပြားကို လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ပထမပတ်အထိ အမျိုးသား အမျိုးသမီး ရှစ်ဦးထံမှ စိတ်ကြွဆေး ၁၀၈ ပြားတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(ကျော်သန်း-မော်လမြိုင်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်	ရွှေဈေး	၆၈၈၈၀၀ -	၆၈၉၇၀၀
မန္တလေး	ရွှေဈေး	၆၈၈၅၀၀ -	၆၈၉၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၂. ၇
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၃. ၄၃
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၆၉
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၅၂၀
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၁၈
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၅၇
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၇၂. ၃၂
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၁၄၀
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၂. ၅၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ရတနာပုံသဘော်ကျင်းဆိပ်ကမ်းတွင် ကုန်တင်တွဲ-ရေယာဉ် (Flat)များ ပုဂ္ဂလိကတည်ဆောက်မှု လျော့နည်းလာ

မန္တလေး၊ ဖေဖော်ဝါရီ ၁၇

ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ရေကြောင်းကုန်စည် ပို့ဆောင်ရေးဖြင့် ဝင်ငွေရရှိရန် အင်ဂျင်မပါသည့် ကုန်တင်ယာဉ်များကို ပြင်ပအင်ဂျင်နီယာများ၊ ပြင်ပလုပ်သားများဖြင့် တည်ဆောက်ကြရာ ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် မှာယူတည်ဆောက်မှု နည်းပါးလာခဲ့ကြောင်း တည်ဆောက်ရေးလုပ်ငန်းခွင် ကြီးကြပ်ရေးမှူး ဦးဝင်းအောင်ကပြောသည်။

"၂၀၁၂ ခုနှစ်လောက်က တစ်နှစ်ကို မန္တလေးဆိပ်ကမ်းမှာ အစီးရေ ၂၀ လောက်နဲ့ ရန်ကုန်မှာ ၄၀ လောက် တည်ဆောက်ခဲ့ရတယ်။ တစ်ဝက်ကျော်လောက် လျော့နည်းသွားတာက ကိုယ်ပိုင်တည်ဆောက်မယ့်သူ မရှိတော့တာရယ်။ ကုန်စည်ရှားပါးပြီး အပြိုင်အဆိုင် ဖြစ်လာတာရယ်လို့ ထင်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ကုန်တင်တွဲ-ရေယာဉ်များသည် မြန်မာနိုင်ငံ အထက်ပိုင်း ကသာ-မန္တလေး-ရန်ကုန် ခရီးစဉ်များတွင် လောင်စာဆီ၊ စက်သုံးဆီ၊ ချောဆီ၊ ဆောက်လုပ်ရေးသုံး သံများ၊ သစ်များ၊ လမ်းခင်းကျောက်များ၊ ဆန်နှင့် ဆားတို့အပြင် ဘိလပ်မြေ စသည်တို့ ပို့ဆောင်ပေးခြင်းဖြင့် ပိုင်ရှင်များ ဝင်ငွေရရှိကြသည်ဟု ဆိုသည်။

"ကုန်တင်တွဲရေယာဉ်တစ်စီး ကုန်ကျစရိတ်က အသုံးပြုတဲ့သံ ပေါ်မူတည်တယ်။အရင်ကတော့ အိန္ဒိယ၊ ယိုးဒယားကလာတဲ့ သံတွေကိုသုံးကြလို့ သိန်းသုံးထောင်ကျော် ကုန်ပြီး၊ ခုနောက်ပိုင်းမှာ တရုတ်သံနဲ့လုပ်တော့ သိန်းနှစ်ထောင်ကျော်ဆိုရင် တစ်စီးလောက်ရပါပြီ။

မန္တလေးဆိပ်ကမ်းမှာ အစီးရေ ၂၀ လောက်နဲ့ ရန်ကုန်မှာ . . .

အလျားပေ ၂၀၀၊ အနံပေ ၅၀၊ ဇောက်(အမြင့်) ၁၀ ပေရှိ ကုန်တင်နဲ့ လောင်စာဆီတင်တွဲ ရေယာဉ်တွေ အများဆုံး တည်ဆောက်ကြတာပါ" ဟုပုဂ္ဂလိက တွဲရေယာဉ်တည်ဆောက်သူ ပညာရှင်တစ်ဦးက ပြောသည်။

ကုန်တင်တွဲ ရေယာဉ်များ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မြစ်ရေနည်းပါးသည့်အချိန် နိုဝင်ဘာလမှ စတင်လေ့ရှိပြီး မြစ်ရေတက်ချိန် ဇူလိုင်လနောက်ပိုင်းတွင် ရေချကြောင်း၊ တစ်စီးလျှင် တည်ဆောက်ချိန် သုံးလမှလေးလခန့်ကြာမြင့်ကြောင်း၊ဆီတင်တွဲ ရေယာဉ်အတွက် ဝမ်းပိုင်း၌အခန်းဖွဲ့ပေးရပြီး၊ ကုန်တင်အတွက် အခန်းဖွဲ့ပေးရန် မလိုသော်လည်း ကုန်ကျငွေ အနည်းငယ်သာကွာခြားမှုရှိကြောင်း သိရသည်။

"တရုတ်ကလာတဲ့သံက တစ်တန်ကို ခြောက်သိန်း၊ အိန္ဒိယသံက ၁၀ သိန်းလောက်ရှိတယ်။ ယူကရိန်းသံဆိုရင် ဈေး ပိုများတယ်လေ။ သံအသုံးပြုတဲ့ စရိတ်လျှော့ချလိုက်လို့ ကုန်တင်တွဲ-ရေယာဉ်တစ်စီးတန်ဖိုးက လျော့နည်းသွားပေမယ့် ဒီနှစ်မှာ တည်ဆောက်ဖို့လက်ခံထားတာ သုံးစီးပဲရှိတယ်" ဟု အလုပ်ခွင် ကြီးကြပ်ရေးမှူးက ပြောကြားသည်။

MDY News

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၆ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ဦးဆောင်၍ ထမနဲထိုးပြိုင်ပွဲ ကျင်းပနေစဉ်။

မန်းစာပေဗိမာန်တွင် အင်တာနက် အခမဲ့ သုံးနိုင်

မန္တလေး၊ ဖေဖော်ဝါရီ ၁၇

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၇လမ်းနှင့် ၂၂ လမ်းကြား ၈၆ လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် အရောင်းဆိုင်နှင့်စာကြည့်တိုက်တွင် အများပြည်သူများ အင်တာနက် အခမဲ့အသုံးပြုနိုင်ရန် ကွန်ပျူတာ ၁၅ လုံးတပ်ဆင်၍ လုပ်ဆောင်သွားမည်ဟု စာပေဗိမာန် လက်ထောက်စာကြည့်တိုက်မှူး ဦးသောင်းထွန်းကပြောသည်။

အင်တာနက် အသုံးပြုမည့်သူများအနေဖြင့် စာပေဗိမာန် စာကြည့်တိုက်တွင် အသင်းဝင် ရမည်ဖြစ်ပြီး အဆိုပါ အသင်းဝင်သူများသာ အခမဲ့သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်းသိရသည်။

စာပေဗိမာန်စာကြည့်တိုက် အနေဖြင့် ရိုးရိုးအသင်းဝင်နှင့် အထူးအသင်းဝင်ဟူ၍ နှစ်မျိုးခွဲခြားထားမှာဖြစ်ပြီး ရိုးရိုးအသင်းဝင်မှာ ဝင်ကြေး တစ်ထောင် နှစ်စဉ်ကြေးငါးရာ ပေးသွင်းရမှာဖြစ်ပြီး အထူးအသင်းဝင်မှာ ဝင်ကြေး နှစ်ထောင်၊ နှစ်စဉ်ကြေး တစ်ထောင် ပေးသွင်းရမှာဖြစ်သည်။

ရိုးရိုးအသင်းဝင်မှာ စာအုပ်တစ်အုပ် ငှားရမ်းဖတ်နိုင်ပြီး အင်တာနက်လည်း တစ်နှစ်ပတ်လုံး အသုံးပြုသွားနိုင်မည်ဖြစ်ပြီး အထူးအသင်းဝင်များမှာ စာအုပ်နှစ်အုပ် ငှားရမ်းနိုင်ပြီး အင်တာနက်အသုံးပြုခွင့်ရသွားမည်ဟု ဦးသောင်းထွန်းက ပြောသည်။

MDY News

ဂျက်ကီချန်းအား ဟောင်ကောင်ဂီတအစည်းအရုံးဥက္ကဋ္ဌအဖြစ် ရွေးချယ်

ဟောင်ကောင်အနုပညာလောကတွင် အချင်းများမှု များရှိနေသည့် ဟောင်ကောင်ဂီတအစည်းအရုံးအတွက် ဥက္ကဋ္ဌရွေးချယ်ရေးကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ ယင်း ဥက္ကဋ္ဌရာထူးအတွက် နာမည်ကျော်ဝါရင့် ဟောင်ကောင် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းကို ရွေးကောက် တင်မြှောက် ခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ ရွေးချယ်ခံရခြင်းသည် ဂျက်ကီချန်းအတွက် ပထမဆုံးအကြိမ်မဟုတ်ကြောင်းနှင့် ဂျက်ကီချန်းသည် လွန်ခဲ့သည့် နှစ်များကပင် ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၎င်း၏တာဝန်ယူမှုနှင့် အနုပညာ လောကတွင် ဩဇာညောင်းမှုတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်းနှင့် အဆိုပါရွေးကောက်ပွဲတွင် ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများကိုပါ မဲပေးရွေးချယ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သို့သော် ဂျက်ကီချန်း၏ များပြားလှသည့် ခရီးစဉ်နှင့် အနုပညာလှုပ်ရှားမှုများအကြား အစည်းအရုံးအတွက် အချိန်မပေးနိုင်မည်ကို စိုးရိမ်သူများရှိလာကြသော်လည်း ဂျက်ကီချန်းအနေဖြင့် အကောင်းဆုံးကိုင်တွယ်ဖြေရှင်း သွားနိုင်လိမ့်မည်ဟု ယုံကြည်နေကြကြောင်း သိရသည်။

"အားလုံး ဂျက်ကီချန်းအတွက် စိုးရိမ်နေကြတာကို နားလည်ပါတယ်၊ သူဟာ သူပါဝင်တဲ့ဇာတ်ကားတိုင်းမှာ အကောင်းဆုံးသရုပ်ဆောင်ခဲ့သလို ဟောင်ကောင်အတွက် လည်း အကောင်းဆုံးစွမ်းဆောင်ခဲ့တယ်၊ ဒါကြောင့် ဒီအဖွဲ့ အစည်းကိုလည်း အကောင်းဆုံးထောက်ပံ့သွားနိုင်မှာပါ" ဟု ဟောင်ကောင်မင်းသားနှင့် ဒါရိုက်တာ Eric Tsang က ပြောကြားခဲ့သည်။

ပထမဆုံးအကြိမ် ဟောလီဝုဒ်သို့ထိုးဖောက်မည့် တရုတ်ဒါရိုက်တာ Zhang Yimou

မင်းသမီး ဂေါင်းလီ ပါဝင်သရုပ်ဆောင်ထားသည့် Home Coming ဇာတ်ကားသစ်၏ ပရိုမိုးရှင်းပွဲစဉ်များနှင့် အလုပ်ရှုပ်လျက်ရှိကြောင်း သိရသည်။

တရုတ်စာရေးဆရာနှင့် ထုတ်လုပ်သူတစ်ဦးဖြစ်သည့် ဒါရိုက်တာ Zhang Yimou က ဟောလီဝုဒ်ရုပ်ရှင်ဇာတ်ကားတစ်ကားကို ၎င်း၏ပထမဆုံးဟောလီဝုဒ်သို့ထိုးဖောက်မှု အနေဖြင့် ကိုယ်တိုင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရ သည်။

၁၉၈၂ ခုနှစ်က စာရေးဆရာ ရောဘတ်လဒ်လမ်၏ The Parsifal Mosaic ဝတ္ထုကို ဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်မည်ဖြစ်ပြီး ယင်းဇာတ်ကားတွင် ပါဝင် သရုပ်ဆောင်ကြမည့် သရုပ်ဆောင်များအဖြစ် အမေရိကန် သရုပ်ဆောင်များကို အသုံးပြုသွားမည်ဖြစ်ပြီး ယင်းဇာတ် ကားကို ရိုက်ကူးထုတ်လုပ်ရန်အတည်မပြုမီ အခြားထုတ် လုပ်သူနှစ်ဦးမှ ကမ်းလှမ်းထားမှုများလည်းရှိကြောင်း သိရသည်။

ယခုလက်ရှိတွင် ဒါရိုက်တာ Zhang Yimou သည်

ဂျပန်ဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသမီး ဖြစ်လာဖွယ်ရှိသည့် တောင်ကိုရီးယားကြယ်ပွင့် IU

တောင်ကိုရီးယားကြယ်ပွင့် တေးသံရှင် IU က Nodame Cantabile အမည်ရှိ ဂျပန်ဒရာမာဇာတ်ကား သစ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင် သွားဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်ပြီး IU က ယခုအချိန်ထိ ကိုရီးယား ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းခံ ရခြင်းမရှိသေးသော်လည်း ပထမဆုံးအနေဖြင့် ဂျပန်ရုပ်ရှင် ကုမ္ပဏီ၏ ကမ်းလှမ်းမှုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ အေဂျင်စီက ထုတ်ဖော်ခဲ့သည်။

IU ပါဝင်သရုပ်ဆောင်မည့် ဂျပန်ဒရာမာဇာတ်ကား သစ်ကို ယခုနှစ်ဝက်ခန့်တွင် စတင်ထုတ်လွှင့်သွားမည်ဖြစ် ကြောင်းနှင့် IU ၏ ယခင်ဇာတ်ကားများတွင် သရုပ်ဆောင်ခဲ့ သည့် သရုပ်ဆောင်စွမ်းရည်ကို ကြည့်ခြင်းအားဖြင့် ယခု ဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ကောင်းစွာသရုပ်ဆောင်နိုင်လိမ့်မည်ဟု ယင်းဇာတ်ကား ထုတ်လုပ်သည့်ရုပ်ရှင်ကုမ္ပဏီအနေဖြင့် ယုံကြည်ထား ကြောင်း သိရသည်။

သို့သော် ယခုလက်ရှိတွင် IU သည် အဆိုပါရုပ်ရှင် အေဂျင်စီ၏ နောက်ဆုံးဆုံးဖြတ်ချက်ကို စောင့်မျှော်လျက်ရှိ ကြောင်း သိရသည်။**(အောက်ပုံ)**

ဗီဒီယိုဖိုင်၏အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရမှုအတွက် ထွက်ရှိချိန်နှောင့်နှေးဦးမည့် Girls' Generation ၏ သီချင်းသစ်

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Girls' Generation ၏ အသစ်ထွက်ရှိလာမည့် တေးသီချင်း ဗီဒီယိုသည် ထွက်ရှိခါနီးမှ ဗီဒီယိုဖိုင်ရှိ အချက်အလက် အချို့ ပျက်စီးသွားခဲ့သည့်အတွက် ထွက်ရှိချိန် အနည်းငယ် နှောင့်နှေးဦးမည်ဖြစ်ကြောင်း အက်စ်အမ်အင်န်တာ တိန်းမန့်မှ သိရသည်။

"Girls' Generation ရဲ့ သီချင်းသစ်ကို အားလုံးက မျှော်လင့်နေကြပေမယ့် ဗီဒီယိုဖိုင်ရဲ့ အစိတ်အပိုင်းအချို့ ပျက်စီးသွားတဲ့အတွက် အဲဒါကို ပြန်ပြင်ဖို့ အနည်းဆုံး ရက်သတ္တနှစ်ပတ်လောက် အချိန်ယူရဦးမှာပါ၊ ဒါကြောင့် ယခုနှစ်အတွင်းမှာ ပထမဆုံးအဖြစ် ထိုးဖောက်မယ့် ဒီတေး သီချင်းဗီဒီယိုဟာ နောက်လလောက်မှပဲ ထွက်ရှိလာနိုင် မှာပါ"ဟု တောင်ကိုရီးယား၏ အကြီးဆုံးအင်န်တာတိန်းမန့် ကုမ္ပဏီမှ ၎င်း၏ Girls' Generation အဖွဲ့အတွက် သတင်းထုတ်ပြန်ပေးခဲ့သည်။

အဆိုပါအဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဂျက်စီကာ၊ ဆန်နီ၊ ဟိုယွန်းတို့က ယင်းအယ်လ်ဘမ်အတွက် တစ်ဦးချင်း ဓာတ်ပုံများနှင့် အဖွဲ့လိုက်ဓာတ်ပုံများကို ရိုက်ကူးကာ ယခုလအစောပိုင်းက ပရိသတ်ထံသို့ဖြန့်ချိပြီးဖြစ်ကြောင်း၊ သို့သော် စတင်ကြေညာထားသည့် ထွက်ရှိချိန်နှင့် အမှန် တကယ်ထွက်ရှိလာမည့်အချိန်သည် အနည်းငယ်ကွာခြားမှု ရှိမည်ဖြစ်ကြောင်း၊ အချက်အလက်များပျက်စီးခဲ့ရသည့် မတော်တဆမှုအတွက်လည်း အကောင်းဆုံးပြန်လည် ပြုပြင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးစန္ဒာမောင် စုစည်းသည်



လီဗာပူးကို အနိုင်ရရှိကာ အာဆင်နယ် အက်ဖ်အေဖလားကွာတားတက် ကွာတားဖိုင်နယ်တွင် အာဆင်နယ်နှင့် အဲဗာတန် ထိပ်တိုက်တွေ့မည်

အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့သော အက်ဖ်အေဖလားပြိုင်ပွဲတွင် အာဆင်နယ်အသင်းသည် လီဗာပူးအသင်းအား ချန်ဘာလိန်နှင့် ပိုဒေါစကီးတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပိုဒေါစကီး၊ အိုဇေးလ်၊ ဆာနိုဂို၊ ချန်ဘာလိန်၊ ကိုစီယယ်နီ၊ မာကီဆက်ကာ၊ ဂျန်ကင်ဆန်၊ အာတီတာစသည့် ကစားသမားများကို ပွဲထုတ်ကာ လီဗာပူးအသင်းသည် စတာလင်၊ ဆွာရတ်ဇ်၊ စတားရစ်၊ ကော်တင်ဟို၊ ဂျာရတ်၊ စကာတယ်၊ ဆစ်ဆိုကို၊ အက်ဂါ စသည့် ကစားသမားကို ပွဲထွက်ကစားစေခဲ့သည်။

အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့၏ အက်ဖ်အေဖလား (၁၆) သင်း အဆင့်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က လီဗာပူးအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ လီဗာပူးကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ရှုံးကြွေးကို ပြန်ဆပ်သည့်အလား လီဗာပူးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားကာ ချေဖျက်ခဲ့သည့်အပြင် လီဗာပူးအသင်း၏ အက်ဖ်အေဖလားမျှော်လင့်ချက်ကိုပင် ပျက်စီးစေခဲ့သည်။

အဆိုပါ အက်ဖ်အေဖလား (၁၆) သင်းအဆင့်ပွဲစဉ်ကိုပင် လီဗာပူးအသင်းသည် အသင်းခေါင်းဆောင် စတီဗင်ဂျရတ် သွင်းယူပေးခဲ့သည့် ပင်နယ်တီ ပြစ်ဒဏ်ဘောကြောင့်သာ ချေပဂိုးတစ်ဂိုးရရှိခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်ကစားသမား ချန်ဘာလိန်နှင့် လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်တို့ ဘောလုံးယှဉ်လုရာ၌ ချန်ဘာလိန်၏ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် လူးဝစ်ဆွာရတ်ဇ် လဲကျခဲ့မှုအပေါ် ပင်နယ်တီပေးရန်တောင်းဆိုခဲ့သော်လည်း ကွင်းလယ်ဒိုင်ဖြစ်သူ ဟောင်းဝဲ့ဒ်ဝက်ဘ်က မျက်ကွယ်ပြုခဲ့သည်။ ထို့ကြောင့် ဒုတိယတစ်ကြိမ် ပင်နယ်တီရရှိသင့်သော်လည်း ဟောင်းဝဲ့ဒ်ဝက်ဘ်က ပင်နယ်တီမပေးခဲ့ခြင်းကြောင့် ယင်းပင်နယ်တီပေးရန်ဆုံးဖြတ်ချက်မှာ ထူးဆန်းမှုရှိနေကြောင်း လီဗာပူးအသင်းနည်းပြဘရန်ဒန်ရော့ဂျာက ပြောဆိုခဲ့သည်။

အက်ဖ်အေဖလားပြိုင်ပွဲ (၁၆)သင်းအဆင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် အဲဗာတန်အသင်းနှင့် ဆွမ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် ထရာအိုရ်၏ဂိုးဖြင့် အဲဗာတန်အဖွင့်ဂိုးရရှိခဲ့သည်။ ယင်းပွဲတွင် အဝေးကွင်းသို့လာရောက် ကစားခဲ့ရသော ဆွမ်ဆီးအသင်းသည် ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်တွင် ကွင်းလယ်ကစားသမား ဂတ်ဖ်မန်း၏သွင်းဂိုးဖြင့် အိမ်ရှင်အဲဗာတန်အသင်း၏ ဦးဆောင်ဂိုးကိုချေပနိုင်ခဲ့သော်လည်း ရှေ့လယ်၊ နောက် ဘက်စုံအင်အား တောင့်တင်းမှုရှိနေသည်ဟု ဆိုရမည့် အဲဗာတန်အသင်း၏ ဖိအားပေးမှုဒဏ်ကို ခံနိုင်စွမ်းမရှိခဲ့ဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၅ မိနစ်တွင် နေးစမစ်၏သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရသည်။

ထို့ကြောင့် ဆွမ်ဆီးအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်လျက်ရှိနေစဉ် ပွဲကစားချိန် ၇၂ မိနစ်တွင် ပင်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အဲဗာတန်နောက်ခံလူလေတန်ဘိန်းစ်က အဲဗာတန်အတွက် တတိယမြောက်ဂိုးထပ်မံသွင်းယူပေးခဲ့ရာ နောက်ပိုင်းပွဲကစားချိန်များတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ဆွမ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အဲဗာတန်အသင်းအက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ထို့ကြောင့် အက်ဖ်အေဖလား (၁၆)သင်းအဆင့်တွင် နိုင်ပွဲအသီးသီးရရှိခဲ့သော နည်းပြအာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းနှင့် နည်းပြ ရောဘတ်တိုမာတီနက်ဇ်၏ အဲဗာတန်အသင်းတို့သည် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မတ် ၈ ရက်တွင် အာဆင်နယ်အသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နိုင်လင်းကြည်

ဂီတာဖေးကို အနိုင်ရရှိခဲ့သည့် ရီးယဲလ်မက်ဒရစ် လာလီဂါပြိုင်ဘက် ဘာစီလိုနာကို ဖိအားပေးလျက်ရှိနေ

ဂီတာဖေးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ဖေဖော်ဝါရီ ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော စပိန်လာလီဂါပွဲစဉ်တွင် အဝေးကွင်းသို့ လာရောက်ကစားခဲ့ရသော နည်းပြ အန်ဆယ်လော့တီ၏ ရီးယဲလ်မက်ဒရစ်အသင်းက အိမ်ရှင်ဂီတာဖေးအသင်းအား အနိုင်ရရှိကာ ယခုပွဲစဉ်အပြီးတွင် ရမှတ် ၆၀အထိ ရရှိလာခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင်ဂီတာဖေးအသင်းသည် ပက်ဒရိုလီယွန်၊ ဂါဗီလန်၊ အလက်ဆစ်၊ လီဆန်ဒရို၊ ဗာလီရာ၊မိုယာ စသည့်ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းသည် ဘင်ဇီမာ၊ မိုဒရစ်၊ ဂျီဆီ၊ ဒီမာရီယာ၊ အာဘီလိုဝါ၊ အလွန်ဆို၊ မာဆယ်လို၊ ဘေးလ်၊ရာမို့စ်၊ ပီပီ စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တောင်ပံကစားသမား ဂါရတ်ဘေးလ်၏ ဖြတ်တင်ပေးပို့မှုအား အကောင်းဆုံးအဆုံးသတ်သည့် အနေဖြင့် ပွဲကစားချိန် ငါးမိနစ်တွင် လူငယ်ကစားသမား ဂျီဆီက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် အဝေးကွင်း၌ ရီးယဲလ်မက်ဒရစ်ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

ထို့နောက် ပွဲကစားချိန် ၂၇ မိနစ်တွင် တိုက်စစ်မှူး ဘင်ဇီမာက ရီးယဲလ်မက်ဒရစ်အသင်းအတွက် တစ်ဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ ထို့ကြောင့် ပြင်သစ်ကြယ်ပွင့်ဘင်ဇီမာ၏ သွင်းဂိုးသည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းယူခဲ့သည့် ၁၄ ဂိုး မြောက်သွင်းဂိုးဖြစ်လာခဲ့ပြီး နည်းပြ အန်ဆယ်လော့တီလက်ထက် ရီးယဲလ်မက်ဒရစ်အသင်း၏ သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် သွင်းဂိုးလည်း ဖြစ်လာခဲ့သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူထားသော တောင်ပံကစားသမားဂါရတ်ဘေးလ်သည် ယင်းပွဲစဉ်တွင် ဂိုးရရှိရေးအတွက် ဖန်တီးပေးနိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ယင်းသို့ ဂိုးမသွင်းနိုင်ခဲ့သော်လည်း ဂါရတ်ဘေးလ်နှင့်အတူ စပါးအသင်း၌အတူကစားခဲ့သော ကစားဖော်လူကာမိုဒရစ်က ဒုတိယပိုင်း ပွဲကစားချိန် ၆၆ မိနစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် ယခုနှစ်ရာသီ ရီးယဲလ်မက်ဒရစ်အတွက် သုံးဂိုးမြောက်ဖြစ် ပြီး ၂၀၁၂ ခုနှစ်က စပါးအသင်းမှပြောင်းရွှေ့လာပြီးနောက် ခြောက်ဂိုးမြောက်သွင်းယူနိုင်ခဲ့သည့် သွင်းဂိုးလည်းဖြစ်လာခဲ့သည်။ ယင်းပွဲစဉ်တွင် မိနစ် ၉၀ ပြည့်ချိန်အထိ နောက်ထပ်သွင်းဂိုးများ မသွင်းနိုင်ခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ရာ လာလီဂါတွင် ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ်အသင်းတို့နှင့်အတူ ရမှတ် ၆၀ စီရရှိကာ လာလီဂါဖလားရရှိရေးအတွက် ပြိုင်ဆိုင်မှုပြင်းထန်လျက်ရှိသည်။

အမည်ပြောင်း

အထက(၁) မြောင်းမြမြို့ Grade 7 (A) မှ ဦးကျော်စိုးဝင်း (ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်ရေး)-ဒေါ်နုနုရင်တို့၏ တစ်ဦးတည်းသောသား မောင်မြတ်သူရကျော်အား မောင်မြတ်ဖုန်းမြင့်ဟု ခေါ်ပါရန်။

မောင်မြတ်ဖုန်းမြင့်

ရောင်းမည်

ရွှေကမ္ဘာ အဆင့်မြင့်အိမ်ရာ၊ ပေ (၃၀ × ၅၀)၊ အဆင့်မြင့် ပြင်ဆင်ပြီး၊ အသင့်နေထိုင်နိုင်မည်။

ဖုန်း- ၀၉-၂၅၀၄၉၇၇၉၀



အီသီယိုးပီးယားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွဲဖက်လေယာဉ်မှူးက ပြန်ပေးဆွဲပြီး ဂျီနီဗာတွင် ခိုလှုံခွင့်တောင်း

ပြန်ပေးဆွဲခံခဲ့ရသော လေယာဉ်ပေါ်မှ ခရီးသည်များကို ဂျီနီဗာလေဆိပ်၌ ရဲတပ်ဖွဲ့က ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးစဉ်။

အဒစ်အဘာဘာ ဖေဖော်ဝါရီ ၁၇

အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့မှ အီတလီနိုင်ငံ ရောမမြို့သို့ ပျံသန်းလာသော အီသီယိုးပီးယားလေကြောင်းမှ လေယာဉ်တစ်စင်းကို ယင်းလေယာဉ်၏ တွဲဖက်လေယာဉ်မှူးက ပြန်ပေးဆွဲကာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာလေဆိပ်သို့ ဆင်းသက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆွစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းတွဲဖက်လေယာဉ်မှူးသည် လေယာဉ်မှူးကြီး သန့်စင်ခန်းဝင်ချိန်တွင် လေယာဉ်မောင်းခန်းကို သော့ခတ်ထားလိုက်ပြီး လေယာဉ်ကိုမောင်းနှင်ခဲ့ခြင်းဖြစ်သည်။ ၎င်းထံတွင် လက်နက်တစ်စုံတစ်ရာမပါရှိခဲ့ပေ။ လေယာဉ်ပြန်ပေးဆွဲသူ တွဲဖက်လေယာဉ်မှူးက ဆွစ်ဇာလန်နိုင်ငံတွင် ခိုလှုံခွင့်တောင်းခံထားပြီး ၎င်းကို ဆွစ်အာဏာပိုင်များက ဖမ်းဆီးထားကြောင်း သတင်းတွင်ဖော်ပြသည်။

လေယာဉ်ပေါ်ပါ ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၂၀၂ ဦးမှာ ဘေးအန္တရာယ်ကင်းရှင်းကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်းက ကြေညာချက် ထုတ်ပြန်သည်။ ဂျီနီဗာလေဆိပ်သို့ ယင်းလေယာဉ်ဆင်းသက်စဉ်အတွင်း လေဆိပ်ကို ခေတ္တမျှပိတ်ထားခဲ့သည်။

၁၉၈၃ ခုနှစ်တွင် မွေးဖွားခဲ့သော အီသီယိုးပီးယားလူမျိုး တွဲဖက်လေယာဉ်မှူးက ၎င်း၏ဇာတိနိုင်ငံအတွင်း ဖိနှိပ်ညှဉ်းပန်းမှုများကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် ခိုလှုံခွင့်ရရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲ၌ ဆွစ်ရဲအဖွဲ့က ပြောကြားသည်။

ယင်းတွဲဖက်လေယာဉ်မှူးသည် လေယာဉ်မောင်းခန်းကို သော့ချပြီးနောက် လေယာဉ်ဆီဖြည့်ရန် တောင်းဆိုကာ ဂျီနီဗာလေဆိပ်သို့ ဆင်းသက်ခဲ့သည်။ ၎င်းသည် ကြိုးတစ်ချောင်းကို အသုံးပြုကာ လေယာဉ်မောင်းခန်းပြတင်းပေါက်မှ ဆင်းသက်လာပြီး ၎င်းကိုယ်တိုင် ရဲအဖွဲ့ထံ အဖမ်းခံခဲ့သည်။

လေယာဉ်အတွင်းပိုင်းရှိ ခရီးသည်များ၏ အခြေအနေမှာ တည်ငြိမ်အေးချမ်းစွာရှိနေပြီး ယင်းတွဲဖက်လေယာဉ်မှူးကိုယ်တိုင်က လေယာဉ်ပြန်ပေးဆွဲခဲ့ကြောင်း အာဏာပိုင်များအား အသိပေးခဲ့သည်။ လေယာဉ်စီးခရီးသည်များကမူ လေယာဉ်ပြန်ပေးဆွဲခံရကြောင်းကိုပင် သိရှိခြင်းမရှိကြပေ။

တွဲဖက်လေယာဉ်မှူးအနေဖြင့် လေယာဉ်ပြန်ပေးဆွဲမှု ပြစ်မှုတစ်ခုတည်းဖြင့်သာ စွဲချက်အတင်ခံရဖွယ်ရှိပြီး ယင်းပြစ်မှုကြောင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံရဖွယ်ရှိသည်ဟု ဆွစ်ဇာလန်အစိုးရရှေ့နေက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ဘီဘီစီ။**

အကြမ်းဖက်မှုဆိုင်ရာ စွဲချက်များဖြင့် သမ္မတဟောင်း မော်စီအား စစ်ဆေးမည်

ကိုင်ရို ဖေဖော်ဝါရီ ၁၇

အီဂျစ်နိုင်ငံတွင် ရာထူးမှဖြုတ်ချခံခဲ့ရသော သမ္မတ မိုဟာမက်မော်စီအား နိုင်ငံအတွင်း အကြမ်းဖက်သည့်လုပ်ရပ်များ ကျူးလွန်ရန် နိုင်ငံခြားအုပ်စုများနှင့် ပူးပေါင်းကြံစည်မှု စွဲချက်များဖြင့် ရုံးတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတဟောင်း မော်စီအား အကြမ်းဖက်မှုဆိုင်ရာ စွဲချက်များဖြင့် ရုံးတင်စစ်ဆေးခြင်းသည် ၎င်း၏မွတ်စလင်ညီနောင်များအဖွဲ့ကို ဖြိုခွင်းသည့်လက္ခဏာအဖြစ် ရှုမြင်ရကြောင်း သတင်းတွင်ဖော်ပြသည်။

အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်မှုရှိသည်ဟု ဖေဖော်ဝါရီ ၁၆ရက်တွင် စွဲချက်တင်ခံရသူ မော်စီသည် ၂၀၀၅ ခုနှစ်ကပင် ပါလက်စတိုင်း ဟားမားစ်အုပ်စုနှင့်လည်းကောင်း၊ အီရန်နိုင်ငံရှိ ရီးယိုက်အစ္စလာမ့်စ်အစိုးရအဖွဲ့နှင့်လည်းကောင်း၊ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာအဖွဲ့နှင့်လည်းကောင်း ပူးပေါင်းကြံစည်မှုများ ပြုလုပ်ခဲ့ကြောင်း အီဂျစ်အစိုးရရှေ့နေများက ပြောကြားသည်။

မော်စီသည် မွတ်စလင်ညီနောင်များအဖွဲ့၏ ရေပန်းစားမှုနှင့်အတူ ၂၀၁၂ခုနှစ်တွင် ကျင်းပသော ရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့သည်။ သို့ရာတွင် မော်စီအား ပြည်သူများက အင်အားအလုံးအရင်းဖြင့် ဆန္ဒပြခဲ့ကြပြီးနောက် ဇူလိုင်လတွင် စစ်ဘက်ကအာဏာသိမ်းခဲ့ရာ ၎င်းမှာ ရာထူးမှ ဖြုတ်ချခံခဲ့ရသည်။

မွတ်စလင်ညီနောင်များအဖွဲ့၏ ခေါင်းဆောင်များ အပါအဝင် လူပေါင်း ၃၆ဦးကိုလည်း အကြမ်းဖက်မှု၊ စစ်ရေးလျှို့ဝှက်ချက်များကို ပြည်ပနိုင်ငံသို့ လွှဲပြောင်းပေးအပ်မှု စသည့်စွဲချက်များဖြင့် ရုံးတင်စစ်သွားမည်ဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောကြားကြသည်။ **ရိုက်တာ။**

သမ္မတဟောင်း မော်စီကို ရုံးထုတ်လာချိန်အတွင်း ရဲတပ်ဖွဲ့က လုံခြုံရေး တင်းကျပ်စဉ်။

တောင်အာဖရိက ရွှေတွင်းဟောင်းအတွင်းပိတ်မိနေသော ရွှေခိုးသူအချို့ မြေပြင်သို့တက်လာ

ဂျိုဟန်နက်(စ်)ဘတ် ဖေဖော်ဝါရီ ၁၇

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်(စ်)ဘတ်မြို့အနီးရှိ ရွှေတွင်းဟောင်းတစ်တွင်း၌ ဒါဇင်နှင့်ချီသော တရားမဝင်ရွှေတူးသူများ ပိတ်မိလျက်ရှိနေရာ တနင်္လာနေ့တွင်ခြောက်ဦး မြေပြင်သို့ တက်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီးခြင်းခံရမည်ဟူသော ခြိမ်းခြောက်မှုကြောင့် ဥမင်အတွင်းမှ အခြားရွှေတူးသမားများတက်မလာစဉ်မှာ အဆိုပါခြောက်ဦး တက်လာခဲ့ခြင်းဖြစ်သည်ဟု ဘီဘီစီ၏ တွစ်တာတွင် ဖော်ပြထားသည်။

ဥမင်လိုဏ်အတွင်းမှ အပြင်ထွက်လာရန် အန္တရာယ်ကင်းကြောင်း၊ ရဲတပ်ဖွဲ့ဝင်များမရှိကြောင်း အော်ဟစ်ပြောဆိုသံကို ကြားခဲ့ရကြောင်း ဘီဘီစီသတင်းထောက်က ပြောကြားသည်။

ရွှေတူးသမား ၁၁ ဦးက ထွက်လာရန် သဘောတူပြီးနောက် အစိုးရကယ်ဆယ်ရေးလုပ်ငန်းများကို တနင်္ဂနွေနေ့ကရပ်ဆိုင်းခဲ့သည်။

ရွှေတွင်းအတွင်းမှ ထွက်လာခဲ့၍ မြေပြင်သို့ရောက်ရှိလျှင် ဖမ်းဆီးခြင်းခံရမည်ကိုတွေ့မြင်ရသဖြင့် ပိတ်မိနေသော ရွှေခိုးတူးသူများသည် ထွက်လာရန်ငြင်းဆိုလျက်ရှိကြသည်။

ဥမင်အတွင်း၌ ပိတ်မိနေသည့် ရွှေခိုးတူးသူအရေအတွက်မည်မျှရှိသည်ကို ရှင်းလင်းစွာ မသိရသော်လည်း ၂၀၀ ခန့်ရှိမည်ဟု သတင်းများကဆိုသည်။

တနင်္ဂနွေနေ့တွင် မြေပြင်သို့ တက်လာခဲ့ကြသော တရားမဝင်ရွှေတူးသူ ၁၁ ဦးမှာ တရားစွဲဆိုခြင်းခံကြရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ပြောကြားချက်ကို အေပီသတင်းဌာနက ကိုးကားဖော်ပြသည်။

ရွှေတူးသူများက မေတ္တာရပ်ခံမှသာလျှင် ကယ်ဆယ်ရေးလုပ်ငန်းများကို အပြည့်အဝ ပြန်လည်စတင်မည်ဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားသည်။ **ဘီဘီစီ။**

ခါတ်ပေါင်းဖိုနှင့် ရေနံဖလှယ်ရေး ရုရှားနှင့် အီရန် သဘောတူညီမှုရရှိ

တီဟီရန် ဖေဖော်ဝါရီ ၁၇

အီရန်နိုင်ငံ ဘူရှီယာမြို့ရှိ နျူကလီးယားစက်ရုံတွင် ဒုတိယမြောက် ဓာတ်ပေါင်းဖိုတစ်လုံးကို ရုရှားနိုင်ငံက တည်ဆောက်ပေးခြင်းဖြင့် အပြန်အလှန်အားဖြင့် မိမိတို့က ရုရှားနိုင်ငံသို့ ရေနံထောက်ပံ့ပေးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးက ဖေဖော်ဝါရီ ၁၇ရက်တွင် ပြောကြားသည်။

တည်ဆောက်မည်

ရုရှားနိုင်ငံနှင့်ရရှိသော သဘောတူညီချက်တစ်ရပ်အရ အီရန်နိုင်ငံက တစ်ရက်လျှင် ရေနံစည် ၅၀၀၀၀၀ အထိ ထောက်ပံ့ပေးမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ရုရှားကုမ္ပဏီများက ဘူရှီယာနျူကလီးယားစက်ရုံတွင် ဒုတိယမြောက် ဓာတ်ပေါင်းဖိုတစ်လုံးကို တည်ဆောက်ပေးမည်ဖြစ်ကြောင်း အီရန်သံအမတ်ကြီး မာဒီဆန်ဂေးက ပြောကြားသည်။

သဘောတူညီ

အီရန်နိုင်ငံအပေါ် စီးပွားရေးအရ ဆက်လက်ထိန်းချုပ်ထားနိုင်ရန်နှင့် ယင်းနိုင်ငံ၏ နျူကလီးယားအစီအစဉ် ပွင့်လင်းမြင်သာမှုရှိလာစေရေး ဖိအားပေးနိုင်ရန် အနောက်အုပ်စုက ကြိုးပမ်းနေချိန်တွင် ယင်းသဘောတူညီချက်ကို ရရှိခြင်းဖြစ်သည်။

ဘူရှီယာနျူကလီးယားစက်ရုံသည် အီရန်နိုင်ငံ၏ တစ်ခုတည်းသော နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်ပြီး ယင်းစက်ရုံရှိ ဓာတ်ပေါင်းဖိုကို ရုရှားနိုင်ငံကပင် တည်ဆောက်ပေးခဲ့သည်။

ရိုက်တာ။

အမေရိကန်သံတမန်သုံးဦး ဗင်နီဇွဲလားသမ္မတ နှင်ထုတ်

ကာရာကပ်(စ်) ဖေဖော်ဝါရီ ၁၇

ဗင်နီဇွဲလားသမ္မတ နီကိုလပ်(စ်)မာဒူရိုက အမေရိကန်ကောင်စစ်ဝန်ရုံးမှ အရာရှိသုံးဦးသည် အစိုးရကို ဆန့်ကျင်ဆန္ဒပြနေကြသော ကျောင်းသားများနှင့် တွေ့ဆုံခဲ့သည်ဟု စွပ်စွဲလိုက်ပြီး ၎င်းတို့ကို နိုင်ငံမှနှင်ထုတ်မည်ဖြစ်ကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သမ္မတက နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ကြေညာချက်ထုတ်ပြန်ရာတွင် နှင်ထုတ်မည့် အမေရိကန်သံတမန်တို့၏ အမည်များကို ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။ သို့သော် နိုင်ငံခြားရေးဝန်ကြီးဌာနက နောက်ပိုင်း၌ အသေးစိတ်အချက်အလက်များ ထုတ်ပြန်မည်ဟုဆိုသည်။

တက္ကသိုလ်များအတွင်း၌ အမေရိကန်အမှုထမ်းအုပ်စုတစ်စုရှိနေကြောင်း၊ ပုဂ္ဂလိကပိုင်တက္ကသိုလ်များ၌ ၎င်းတို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည်ကို စောင့်ကြည့်နေခဲ့သည်မှာ နှစ်လရှိပြီဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် မည်သူတစ်ဦးတစ်ယောက်၏ အမိန့်ကိုမျှ နာခံမည်မဟုတ်ဟု ထပ်လောင်းပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် လွန်ခဲ့သည့်သီတင်းပတ်အတွင်း၌ ဆန္ဒပြသူသုံးဦး သေဆုံးခဲ့ပြီးနောက် နိုင်ငံရေးတင်းမာမှုများနှင့် အုံကြွမှုများကြီးထွားလာခဲ့သည်။

အင်္ဂါနေ့တွင် မြို့တော်ကာရာကပ်(စ်)၌ လူထုချီတက်ပွဲကို ဦးဆောင်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သူ အတိုက်အခံခေါင်းဆောင် လီယိုပိုလ်ဒိုလိုပက်(ဇ်)ကို ဖမ်းဆီးရန် အာဏာပိုင်များက အမိန့်ထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုက အတိုက်အခံခေါင်းဆောင်များကို ဖမ်းဆီးခြင်းအပေါ် စိုးရိမ်မိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ **ဘီဘီစီ။**

မြို့တော် ကာရာကပ်(စ်)၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြနေသော ကျောင်းသားများကို တွေ့ရစဉ်။

urmVsfp,Onf ,mOfvefrEAv;\rfoa&muf a&muf&Sdvm;cJh

ဖေဖော်ဝါရီ ၁၅ ရက်က ကမ္ဘာလှည့်ခရီးသွားများ မော်တော်ယာဉ်တန်း မန္တလေးမြို့သို့ ရောက်ရှိလာစဉ်။

မန္တလေး၊ ဖေဖော်ဝါရီ ၁၇

မော်တော်ယာဉ်ရှစ်စီးဖြင့် မြန်မာနိုင်ငံအနှံ့ လှည့်ပတ်ရေးခရီးစဉ်အဖြစ် လှည့်လည်နေသော ကမ္ဘာ့လှည့် ခရီးသွားများ ယာဉ်တန်းသည် ဖေဖော်ဝါရီ ၁၅ ရက်က မန္တလေးမြို့ကို ရောက်ရှိခဲ့ကြောင်း ခရီးစဉ်အား တာဝန်ယူဆောင်ရွက်နေသည့် Journeys Adventure Travel ကုမ္ပဏီမှ စီမံမန်နေဂျာ ကိုဇင်ဝင်းဌေးက ပြောသည်။

"ဒီအဖွဲ့က မြန်မာတစ်နိုင်ငံလုံးကို ကားနဲ့ လှည့်ပတ်ပြီး လေ့လာကြမှာပါ။ ထိုင်းကနေ တစ်ဆင့်မြန်မာနိုင်ငံထဲဝင်ရောက်ပြီး အင်းလေး၊ ပုဂံ၊ ညောင်ဦးကို ရောက်ခဲ့ပြီးပါပြီ။ ဆက်ပြီး မြန်မာနိုင်ငံ အောက်ဘက်ပိုင်းဒေသတွေကို ခရီးဆက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

မော်တော်ယာဉ် ရှစ်စီးဖြင့် လှည့်လည်နေသော အဆိုပါ ခရီးစဉ်တွင် ဒတ်ချ်နိုင်ငံသား ကမ္ဘာ့လှည့် ကားမောင်း စွန့်စားခရီးသွား ကျွမ်းကျင်သူ Mr.Schlag,Jorn နှင့် အဖွဲ့ဝင် ၂၃ ဦး ပါဝင်သည်။

ကမ္ဘာလှည့် ခရီးသည်မော်တော်ယာဉ်တန်းသည် ဖေဖော်ဝါရီ ၆ ရက်မှ စကာ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် မြဝတီမှ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ၁၀ ရက်တွင် နေပြည်တော်၊ ၁၁ ရက်တွင် နေပြည်တော်မှ အင်းလေး၊ ၁၃ ရက်တွင် အင်းလေးမှ ပုဂံ၊ ညောင်ဦးတို့သို့ သွားရောက် လေ့လာခဲ့ပြီး ဖေဖော်ဝါရီ ၁၅ တွင် ပုဂံမှ မန္တလေးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်တန်းသည် မန္တလေးမြို့ ၃၅ လမ်း နှင့်၇၂ လမ်းရှိ စည်ပင်သာယာအားကစားကွင်းတွင် နှစ်ရက်ကြာ ရပ်နားပြီး မန္တလေးဒေသ ဝန်းကျင်သို့ လေ့လာခဲ့သည်။

မော်တော်ယာဉ်များမှာ ပုံစံအမျိုးမျိုးဖြစ်၍ အိပ်ခန်း၊ သန့်စင်ခန်း၊ မီးဖိုဆောင်နှင့် အခြားလိုအပ်သည်များ ကားပေါ်တွင် အသင့်ပါရှိပြီးဖြစ်သည်။ ယင်းကားများကိုလည်း မန္တလေးဒေသခံများ သွားရောက် လေ့လာကြည့်ရှုမှုများ ပြုလုပ်ခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသွား ယာဉ်တန်းသည် မုံရွာမြို့၊ ကလေးမြို့၊ တမူးမြို့နှင့် မိုးရေးမြို့များသို့ ခရီးဆက်ကြမည်ဖြစ်သည်။ **အောင်(မန်း)**

သတင်းတိုများ

သန်းခေါင်စာရင်း ကောက်ယူရေး ဆွေးနွေး

ကော့မှူးမြို့နယ် ပုပ္ပါးကျေးရွာ၊ မော်တောကျေးရွာနှင့် ဝါးသဉ်ကျေးရွာတို့တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့ရာ ကော့မှူးမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ကော့မှူးမြို့နယ်တွင် ကျေးရွာအုပ်စု ၅၅ အုပ်စုရှိရာ ၃၅ အုပ်စုဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။ **မျိုးမင်းထွန်း**

စာရင်းဇယား ကောက်ယူရေးသင်တန်း ပို့ချ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အေးချမ်းသာယာခန်းမ၌ ပုဂ္ဂလိကစာရင်းဇယားများ ကောက်ယူရေးသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ပို့ချခဲ့သည်။ သင်တန်း၌ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးအောင်ဝင်းက စာရင်းဇယားကောက်ယူရေးဆိုင်ရာများ ရှင်းပြပြီး သင်တန်းသား ၁၁၀ ဦး တက်ရောက်ခဲ့သည်။ **ပြန်/ဆက်**

z,fcHk;NrdKU,fwGif v,fyg-v,fpwD&Of aus;&Gmcif;vrf;Ncif;pwif

ဖယ်ခုံ၊ ဖေဖော်ဝါရီ ၁၇

ဖယ်ခုံမြို့နယ်၊ အင်းအရှေ့ဘက် လွယ်ပေါနှင့် လွယ်စေတီကျေးရွာအုပ်စုများအတွင်းသို့ သွားလာနိုင်ရန် လွယ်ပေါ-လွယ်စေတီလမ်း ကျောက်ချောခင်းခြင်းအား ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၂၀၁ ဒသမ ၆၂ သိန်းဖြင့် ဇန်နဝါရီ ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

ကျောက်ချောခင်းခြင်းအား Best Friend ဆောက်လုပ်ရေး ကုမ္ပဏီက တင်ဒါရရှိခဲ့ပြီး အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ ရှိသော လမ်းသည် လွယ်ပေါမှ လွယ်စေတီကြားရှိ ကျေးရွာများကို ဖြတ်သန်းသွားမည် ဖြစ်သည်။

အဆိုပါလုပ်ငန်းများကို ဖယ်ခုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။ **ကိုထွေး (ဖယ်ခုံ)**

re¨vl,f,f;tmqD,H-qifvl,fzdkh&G;cs,fvkuf&mufvmrnf

မန္တလေး၊ ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုလူငယ် ၁၇ ဦး မြန်မာလူငယ်ဖိုရမ်သို့ တက်ရောက်ရန် မဲပေးဆုံးဖြတ်ခဲ့ပြီး အာဆီယံအဆင့် လူငယ်ဖိုရမ်များသို့ပါ တက်ရောက်နိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ လူငယ်များတက်ရောက်ခဲ့ကြသော လူငယ်တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ကိုယ်စားပြုအဖြစ် ရွေးချယ်ထားသည့် မြို့နယ် ကိုးမြို့နယ်မှ လူငယ် ၁၇ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် ရန်ကုန်မြို့တွင် မတ်လ ၃ ရက်မှ ၅ ရက်ထိ ကျင်းပမည့် မြန်မာလူငယ်ဖိုရမ်သို့ တက်ရောက်မည်ဖြစ်ကြောင်း လူငယ်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူ မရင်မိုးက ပြောသည်။

"မြို့နယ်အသီးသီးက တက်ရောက်လာကြတဲ့ လူငယ် ၉၃ ယောက်ထဲကမှ မဲပေးပြီး ရွေး ချယ်ခဲ့တာပါ။ အမရပူရမြို့နယ်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီးမြို့နယ်နဲ့ ရွှေမင်းသားဖောင်ဒေးရှင်းက လူငယ်တွေပါဝင်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာလူငယ်ဖိုရမ်သို့ တက်ရောက်မည့် လူငယ် ၁၇ ဦးအနက်မှ အာဆီယံလူငယ်ဖိုရမ်သို့ တက်ရောက်မည့် လူငယ် ငါးဦးကို ဆက်လက်ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု ကာလအတွင်း လူငယ်များ၏ အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ လက်ရှိနိုင်ငံရေးအပြောင်းအလဲ ကာလတွင် လူငယ်များတွေ့ကြုံရသော အခက်အခဲများနှင့် အခွင့်အလမ်းများကို သုံးသပ်ရန် ကျင်းပခဲ့ခြင်းဖြစ်သည်။

"လွှတ်တော်မှာ လူငယ်တွေရဲ့အခန်းကဏ္ဍ ပါဝင်နိုင်ဖို့လည်းရည်ရွယ်ပါတယ်" ဟု မရင်မိုးက ပြောသည်။ အဆိုပါ လူငယ်တွေ့ဆုံပွဲကို မန္တလေးတိုင်းဒေသကြီး၊ အင်းလေးခြံကျေးရွာ၊ မြစ်ငယ်တံတားအနီးတွင် ဖေဖော်ဝါရီ ၁၂ရက်မှ၁၄ရက် အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **အောင်ရဲသွင်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း မြို့ပြအိမ်ရာစီမံကိန်း၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်း၊ မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်း၊အဆင့်မြင့်ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အောက်ဖော်ပြပါနေရာများ၌ မြို့ပြအိမ်ရာစီမံကိန်း၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်း၊ မြို့ပြအိမ်ရာစီမံကိန်းနှင့်ယာဉ်ရပ်နားစခန်း၊အဆင့်မြင့်ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သောဖက်စပ်လုပ်ငန်းများ (Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ပုဂံလမ်းနှင့် ဟံသာဝတီလမ်းထောင့်၊ မြေဧရိယာ ၁၀. ၉၃ ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်း ဆောင်ရွက်ရန်)

(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရာဇဓိရာဇ်လမ်း၊ မြေဧရိယာ ၄၀. ၄၉၃ ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)

(ဂ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေဧရိယာ ၁၁. ၀၀ဧကခန့် (တန်ဖိုးမျှတအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)

(ဃ) ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ မြေဧရိယာ ၀. ၃၆၄ဧကခန့်(မြို့ပြအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)

(င) ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ မြေဧရိယာ ၃. ၀၆၈ ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်းဆောင်ရွက်ရန်)

(စ) ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ မြေဧရိယာ ၂. ၅၆၁ ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်းဆောင်ရွက်ရန်)

(ဆ) ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းနှင့် ထန်းတပင်လမ်းထောင့်၊ မြေဧရိယာ ၁. ၀ဧက၏ တစ်စိတ်တစ်ဒေသ ၀. ၁၀၃ ဧကခန့် (အဆင့်မြင့် ယာဉ်ရပ်နားရန်အဆောက်အအုံစီမံကိန်းဆောင်ရွက်ရန်၊ P.A.E စနစ်)။

၂။ အဆိုပါစီမံကိန်းများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာစီမံကိန်းဆိုင်ရာအချက်အလက်များကို တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to Tenderers)တွင် ဖော်ပြထားမည်ဖြစ်ပါသည်။ မိမိဆောင်ရွက်လိုသော စီမံကိန်းတစ်ခုချင်းအလိုက်တင်ဒါများကို သီးခြားစီတင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့်တင်သွင်းရန် နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များနှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများကို အထက်ဖော်ပြပါလိပ်စာ၌ ၂၅-၂-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။ မြို့ပြအိမ်ရာစီမံကိန်းများ[မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်]နှင့် တန်ဖိုးမျှတအိမ်ရာစီမံကိန်း[ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်]အတွက် တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ငွေစာရင်းအ မှတ်1-DA -06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် တစ်စုံလျှင် USD 300 (အမေရိကန်ဒေါ်လာ သုံးရာတိတိ) ပေးသွင်း၍ဝယ်ယူနိုင်ပါသည်။ သို့မဟုတ်မြန်မာကျပ်ငွေ ၃၀၀,၀၀၀(ကျပ်သုံးသိန်း တိတိ)ကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း ၍ ဝယ်ယူနိုင်ပါသည်။ စာပိုဒ်၁(ဃ)၊(င)၊(စ)နှင့်(ဆ) တွင်ဖော်ပြထားသော စီမံကိန်းများ၏ တင်ဒါစာရွက်စာတမ်း အပြည့်အစုံ တစ်ခုစီ အတွက် USD 500 (အမေရိကန်ဒေါ်လာ ငါးရာတိတိ) သို့မဟုတ် မြန်မာကျပ်ငွေ ၅၀၀,၀၀၀(ကျပ်ငါးသိန်းတိတိ)ကို ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၄ခုနှစ် မတ်လ ၃၁ ရက်နေ့ ၁၄း၀၀နာရီမတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ မြို့ပြအိမ်ရာစီမံကိန်းများ[မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်]နှင့် တန်ဖိုးမျှတအိမ်ရာစီမံကိန်း [ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်]၏တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် USD 50,000(အမေရိကန်ဒေါ်လာ ငါးသောင်းတိတိ) တန်ဖိုးရှိဘဏ်အာမခံ ပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့)မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ လက်ခံနိုင်သော ပြည်ပဘဏ်မှထုတ်ပေးခြင်း ဖြစ်ရပါမည်။ စာပိုဒ်၁(ဃ)၊ (င)၊ (စ)နှင့် (ဆ)တွင် ဖော်ပြထားသော စီမံကိန်းများ ၏တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် USD 100,000(အမေရိကန်ဒေါ်လာ တစ်သိန်းတိတိ)တန်ဖိုးရှိ ဘဏ်အာမခံ ပါရှိရမည်ဖြစ်ပါသည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်း ကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂွမြို့နယ်တွင် ဒီရေတောမှ မီးသွေးထုတ်ယူမှု ၉၀ ရာခိုင်နှုန်း တားဆီးပေးနိုင်ခဲ့

ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်) သည် ဆင်းရဲနွမ်းပါးသည့် ပညာရေးထောက်ပံ့မှုအဖြစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့ နံနက်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက် မင်းတရားချိတ်ရွာဟောင်း ဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈၉ ဦးတို့အား တစ်ဦးလျှင် ကျောပိုးအိတ်တစ်လုံး၊ ဗလာစာအုပ် ခြောက်အုပ်၊ ဘောပင်ငါးချောင်းဖြင့် ကာလတန်ဖိုး ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ ပညာရေးထောက်ပံ့ပစ္စည်းများဖြစ်သော ကျောပိုးအိတ် ၂၈၉ အိတ် ဗလာစာအုပ် ဒါဇင် ၁၅၀၊ ဘောပင် ၁၅၀၀ ချောင်းတို့အား လှူဒါန်းခဲ့သည်။ အဆိုပါအဖွဲ့အစည်းမှာ ပြည်တွင်းပြည်ပသာသနာပြု ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီး၏ ဩဝါဒဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။ သတင်း - နေဇာ (ပိတောက်ရိပ်) ဓာတ်ပုံ - ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇

ကမ်းရိုးတန်းဒေသ လူနေမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေး သုံးနှစ်စီမံကိန်းကြောင့် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ကျိန်တလီ ကျေးရွာအတွင်း ဒီရေတောမှ မီးသွေးထုတ်ယူမှု ၉၀ ရာခိုင်နှုန်းခန့် တားဆီးပေးနိုင်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းတစ်ခုမှ သိရသည်။

ယင်းကဲ့သို့ တားဆီးပေးနိုင်ရန် မြန်မာ့သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ထိန်းသိမ်းရေး ကွန်ယက်နှင့် ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းတို့၏ ပူးပေါင်းမှုသည် ၂၀၁၁ ခုနှစ်ဇူလိုင်တွင် စတင်ခဲ့ကြောင်းသိရသည်။

"ဧရာဝတီတိုင်းမှာ ဒီရေတောကနေမီးသွေးဖုတ်လာတာ နောက်ပိုင်းပြောင်တလင်းခါလာတော့ သူတို့နဲ့ အနီးစပ်ဆုံးမြို့ဖြစ်တဲ့ ဂွမြို့ကနေထုတ်ပြီး ရန်ကုန်ကိုမီးသွေးအကြီးအကျယ်ထုတ်လာကြလို့ အခုဂွချောင်းဧရိယာထဲမှာဆို ဒီရေတောက ပုပြတ်ပြတ်တွေပဲကျန်ပါတော့တယ်။ နောက်မီးသွေးထုတ်တဲ့သူတွေ ကျိန်တလီဘက်ကိုကူးလာလို့ ဌာနဆိုင်ရာသစ်တောဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးတာဝန်ရှိသူတွေနဲ့ ဒေသခံတွေ ပူးပေါင်းတားဆီးနိုင်ခဲ့တော့ ဒီရေတောကနေမီးသွေးဖုတ်တဲ့လုပ်ငန်း ၉၀ ရာခိုင်နှုန်းလျော့နည်းလာခဲ့ပါတယ်" ဟု ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာမောင်မောင်ကြည်ကပြောသည်။

ရခိုင်ဒေသခံတိုင်းရင်းသားများ၏ အရေးပါသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် လယ်ယာစိုက်ပျိုးရေးနှင့် ပင်လယ်လုပ်ငန်းပါဝင်ပြီး လယ်ယာစိုက်ပျိုးရေးမှာဒေသဖူလုံရေးအတွက်သာရှိသော်လည်း ပင်လယ်လုပ်ငန်းမှာ အဓိကစီးပွားရေးဖြစ်သဖြင့် ဒီရေတောများထိခိုက်ပျက်ဆီး ကျဆင်းလာပါက ရေသတ္တဝါများ၏ဘဝအစိတ်အပိုင်းနှင့် အခြားပင်လယ်ရေသယံဇာတ အရင်းအမြစ်များ ဆုံးရှုံးထိခိုက်မှုများ ကြုံတွေ့လာနိုင်မည်ဖြစ်သည်။

ထိုအဖြစ်ဆိုးများ ကြုံတွေ့မှုမရှိစေရန် ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ အသင်းဝင်ပေါင်း ၈၀၀ နီးပါးဖြင့် ဒီရေတောမှ မီးသွေးဖုတ်လုပ်ငန်းများအား တားဆီးခြင်းအပြင်သာမကသဘာဝ ဒီရေတောများအတွင်း ပင်ကြပ်ပင်များ ပေါင်းရှင်းခြင်း၊ ဒီရေတော ထိန်းသိမ်းသည့် ပြုးခြေထောက်၊ ပြုးအုပ်ဆောင်း၊ သမဲ့စသော သဘာဝအပင်သိန်း ၅၀ ခန့်အား ဂွမြို့နယ်တွင် ဧက ၇၀၀၀ ကျော်စိုက်ပျိုးခြင်းနှင့် အသင်းဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား ၂၀၁၂ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင်တစ်ကြိမ် ဒီရေတောပြုပြင်ထိန်းသိမ်းနည်းသင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်းလည်း သိရသည်။

"အရင်တုန်းကဆို ဒီရေတောအများဆုံးက ဧရာဝတီ၊ ဒုတိယက တနင်္သာရီနဲ့ ရခိုင်ကတတိယပါ။ ဒါပေမယ့် အခုလေ့လာချက်တွေအရဆိုရင် တနင်္သာရီက အများဆုံးဖြစ်လာပြီး ရခိုင်ပြည်နယ်ကဒုတိယနေရာရောက်လာပါပြီ။ ဒါ့အပြင် ဒီရေတောတွေက သဘာဝဘေးအန္တရာယ်မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ ရခိုင်တစ်ပြည်နယ်လုံးဖြစ်အောင်လည်း ကြိုးစားနေပါတယ်" ဟုဒေါက်တာမောင်မောင်ကြည်က ဆက်ပြောသည်။

လက်ရှိရခိုင်ပြည်နယ် တစ်ပြည်နယ်လုံးတွင် ဒီရေတောဧက ရှစ်သိန်းကျော်ရှိပြီး ရခိုင်ပြည်နယ် ဂွမြို့နယ်တွင်ဧက ၁၂၀၀၀ ကျော်ရှိကြောင်း ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း၏ လေ့လာသောမှတ်တမ်းများအရ သိရသည်။

စိုးအောင်ဖေ

၂၀ ရာခိုင်နှုန်း ပြန်ပေးသွင်းရမည့် ရေလုပ်ငန်းသုံးပစ္စည်း ထုတ်ပေးခြင်းဆွေးနွေး

ဟိုင်းကြီးကျွန်း၊ ဖေဖော်ဝါရီ ၁၇

ငပုတောမြို့နယ် သမဝါယမဦးစီးဌာနက ရေလုပ်ငန်းသုံးပစ္စည်းများထုတ်ပေးကာ ၂၀ ရာခိုင်နှုန်း ပြန်လည်ပေးသွင်းရမည့်အစီအစဉ်ကို ငပုတောမြို့နယ် သမဝါယမဦးစီးဌာန၊ ဦးစီးမှူး ဒေါ်အေးအေးနွယ် ဦးဆောင်သောအဖွဲ့က ရေလုပ်ငန်းသမဝါယမအသင်း ဖွဲ့စည်းနိုင်ရန်အတွက် ဒေသခံရေလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

အဆိုပါ အစီအစဉ်ကို လက်ရှိအခြေအနေတွင် ဒေသခံရေလုပ်ငန်းရှင်များ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိသောကြောင့် သဘောတူညီမှု မရရှိသေးကြောင်း ယင်းဆွေးနွေးပွဲမှ သိရသည်။

ရေလုပ်ငန်းရှင်များ၏ လိုအပ်ချက်နှင့် အခြေအနေများကို အထက်ဌာနများသို့ ဆက်လက်တင်ပြကာ အတည်ပြုချက်ရရှိပါက ပြန်လည်ညှိနှိုင်းဆွေးနွေးမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် သမဝါယမ ဦးစီးမှူးက ပြောသည်။ ယင်းဆွေးနွေးပွဲအား ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ဟိုင်းကြီးကျွန်း၊ အမှတ် ၃ ရပ်ကွက် မိခင်နှင့်ကလေးဆေးရုံ၌ ကျင်းပခဲ့သည်။

မြို့နယ်ခွဲ ပြန်/ဆက်

ကံမမြို့နယ်တွင် ရေရှားသည့်ဒေသများ၌ မိုးရေလှောင်ကန်များတူးဖော်

ကံမ၊ ဖေဖော်ဝါရီ ၁၇

မြို့နယ်အတွင်းသောက်သုံး ရေခက်ခဲပြီး စက်ရေတွင်းတူးဖော်၍ မရနိုင်သော ကျေးရွာများအတွက် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ယင်းနယ်မြေအတွင်း မြေသားမိုးရေလှောင်ကန်များတူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ကံမမြို့နယ်အတွင်းရှိ သစ်မယ်ဇီ ကျေးရွာတွင် အလျား ၁၀၀ ပေ၊ အကျယ် ၁၀၀ ပေနှင့် အနက်သုံးပေရှိ မိုးရေလှောင်ကန်ကို တူးဖော်နေမှုကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကြီးက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မြို့နယ်ဦးစီးဌာနမှူး ဦးသီဟစိုးက ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်အတွင်း သောက်သုံး ရေခက်ခဲသည့် စက်ရေတွင်းတူးဖော်၍ မရနိုင်သော ကျေးရွာများ၏ အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဧင်းရေလှောင်ကန်သည် မြေသားတာဘောင်အမြင့်မှာ ရှစ်ပေရှိပြီး ရေဂါလံနှစ်သိန်းခန့် သိုလှောင်နိုင်မည်ဖြစ်သည်။

အဆိုပါ မိုးရေလှောင်ကန်သည် ကျေးလက်နေပြည်သူများ နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှု အခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး အလားတူရေကန်များကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျော်ဇေယျဝင်း (ပြန်/ဆက်)

သတင်းတို

ဖယ်ခုံ-ခေါင်းအိ ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်

ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖယ်ခုံ-ခေါင်းအိလမ်းခင်းခြင်းလုပ်ငန်းအား ၂၀၁၃-၁၄ ခု ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေအား ခွင့်ပြုငွေကျပ် ၁၄၃၈ ဒသမ ၄ သိန်းဖြင့် တင်ဒါရရှိသော East Boy ဆောက်လုပ်ရေးကုမ္ပဏီက ဇန်နဝါရီ ၅ ရက်နေ့မှစတင်ဆောင်ရွက်နေကြောင်းသိရပြီး အဆိုပါ ကတ္တရာလမ်းသည် ဖယ်ခုံမြို့၏အနောက်ဘက် ခေါင်းအိကျေးရွာအုပ်စုနှင့် အဓိကဆက်သွယ်သောလမ်း ဖြစ်သည်။

ကိုထွေး (ဖယ်ခုံ)

ချီကျေးရွာတွင် ရွံ့နွန်းမြေ၌ ဆီထွက်သီးနှံဖြစ်သော ပန်းနှမ်းပင်များ စိုက်ပျိုးအောင်မြင်လျက်ရှိ

စေတုတ္တရာ ဖေဖော်ဝါရီ ၁၇

စေတုတ္တရာမြို့နယ် ချီကျေးရွာတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော ပန်းနှမ်းကို ရွံ့နွန်းမြေများ၌ စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းသဖြင့် တွင်ကျယ်စွာ လုပ်ကိုင်လာကြောင်း သိရသည်။ **(ယာပုံ)**

ချီကျေးရွာသည် မုန်းတမံစီမံကိန်း ရေဝပ်ဧရိယာတွင် ပါဝင်သောကြောင့် ရွာသူရွာသားများမှာ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကူးပြောင်း၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ရာသီအလိုက် ကောက်ပဲသီးနှံများကို စိုက်ပျိုး၍ ဆည်ရေလွှတ်သည့်အချိန် မုန်းချောင်းရေပြင်မှုလွဲ၍ လုပ်ကိုင်စရာ အခက်အခဲများနှင့် ကြုံတွေ့ရသည့်အခါများတွင် ရေကျသည့်အချိန်ကို စောင့်၍ ပန်းနှမ်းမျိုးစေ့များကို အမြန်ကြဲပက်ထားလေ့ရှိကြ၏။ အစပိုင်းတွင် ပန်းနှမ်းကို ခြောက်သွေ့သော ကုန်းမြေများပေါ်၌ ကျူပင်များကို ရှင်းလင်း၍ စိုက်ပျိုးကြသော်လည်း နှစ်စဉ်ရေလွှမ်းမိုးမှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ကာ အခက်အခဲနှင့် ကြုံတွေ့ရသောကြောင့် ရွံ့နွံ၊ နုန်းမြေများပေါ်တွင် အဆုံးရှုံးခံ စမ်းသပ်စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်သောကြောင့် နှစ်ပေ၊ သုံးပေခန့်နစ်သော နွံများထဲတွင် ဂါလန်ပုံးများကို အမာခံခြေနင်းအဖြစ် အသုံးပြုကာ ကိုယ်ကိုဖော့၍ ရေကျချိန်မီသလောက် ခက်ခဲစွာ ကြဲပက်သွားရကြောင်း သိရသည်။

"ပန်းနှမ်းပင်တွေက ဘယ်လောက်ကျကျ နှင်းဒဏ်ကို ခံနိုင်ရည်ရှိပြီး မိုးကိုတော့ ကြောက်တယ်။ အပင်တွေခြောက်သွေ့လို့ ရိတ်သိမ်းကာနီး မိုးရေမိသွားရင်အစေ့တွေလျော့သွားပြီး လုံးဝသုံးလို့ မရတော့ဘူး။ အပင်တွေကို သုံးလပြည့်လျှင် ရိတ်သိမ်းကြပြီး အပင်တွေက ရွံ့နွံများခြောက်သွေ့ပြီး ပတ်ကြားအက်များပေါ်တွင် ဖြစ်ထွန်းကျန်ရစ်ခဲ့သောကြောင့် ပန်းနှမ်းစေ့တွေ အလေအလွင့်မရှိစေရန် မိုးကာများခင်းပြီး စနစ်တကျ ခါကြရတယ်။ ပန်းနှမ်းအရိုးတွေကိုတော့ နွားစာအဖြစ် အသုံးပြုကြတယ်။ တစ်ဧကကို ပန်းနှမ်းမျိုးစေ့ တစ်ပြည်ကျော်ကျော်ကြဲပက်ရပြီး ငါးတင်းကျော် ခြောက်တင်းနီးပါး ရရှိကြပါတယ်။ ထွန်ယက်ရန်မလို၊ မြေဩဇာအသုံးပြုရန်မလိုအပ်တဲ့အတွက် စိုက်ပျိုးစရိတ်သက်သာကြတော့ စားဝတ်နေရေးအတွက် အများအပြား စိုက်ပျိုးလာကြတာပါ"ဟု ပန်းနှမ်းစိုက်တောင်သူတစ်ဦးက ပြောပြခဲ့သည်။

စေတုတ္တရာမြို့နယ် ချီကျေးရွာရှိ ပန်းနှမ်းစိုက်တောင်သူများသည် ရရှိသော ပန်းနှမ်းစေ့များကို နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးရန် မျိုးစေ့များကိုချန်၍ မကွေး၊ စလင်းမြို့များအထိ ရေကြောင်းခရီးကိုသာ အဓိကအသုံးပြု၍ သွားရောက်ရောင်းချကြရာ ပန်းနှမ်းစေ့တစ်တင်းလျှင် စက်လေ့ခ ၅၀၀ ကျပ်ဖြစ်ပြီး စေတုတ္တရာမှ မကွေး၊ စလင်းမြို့များရှိ ပွဲရုံများသို့ အရောက်ကားခ ၈၀၀ ကျပ်ဖြစ်သည်။ ယခုနှစ်တွင် ပန်းနှမ်းစေ့ တစ်တင်းလျှင် ကျပ် ၁၇၀၀၀ မှာ ၁၈၀၀၀ အထိ ရကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**

ကလေးမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ခြင်းဖြင့်ယာဉ်မတော်တဆမှုများလျော့ကျသွားနိုင်

ကလေး ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မြို့ရှောင်လမ်းကို အောင်သစ္စာရပ်ကွက်နှင့် မြို့လှရပ်ကွက်တို့ကို ဆက်သွယ်ဖောက်လုပ်နေရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏လမ်းညွှန်ချက်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမောင်ထူးတို့၏အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ငန်းများစတင်နေပြီဖြစ်သည်။

ကလေးမြို့သည် လမ်းဆုံမြို့ဖြစ်ရာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ပေါများလာသည်နှင့်အမျှ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်ခဲ့ရာ ယာဉ်မတော်တဆမှုများ လျော့ကျသွားစေရေးအတွက် ၁၀၈၈၃ပေရှည်သည့် မြို့ရှောင်လမ်း လမ်းအူ ကြောင်းရှာဖွေခြင်းလုပ်ငန်းကို ၂၀၁၁ ခုနှစ် ဧပြီ ၁၀ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါမြို့ရှောင်လမ်းကို ယခုအခါ Rose Wood ကုမ္ပဏီမှ ၂၀၁၄ ခုနှစ်ဖေဖော်ဝါရီ ၃ ရက်တွင် စက်ယန္တရားကြီးများဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဖောက်လုပ်ရမည့် အရှည်ပေ ၁၀၈၈၃ အနက် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၂၂၀၀ ပေ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီမြို့ကို ဖြတ်သန်းပြီးမောင်းနှင်သွားမယ့်ကုန်တင်ယာဉ်ကြီးတွေ မြို့ရှောင်လမ်းအတိုင်းမောင်းနှင်သွားကြမယ်၊ နောက်ပြီးတော့ မြို့ရှောင်လမ်းက ကလေးမြို့ရဲ့ အဓိကအားထားရာလမ်းမကြီးတစ်ခုဖြစ်တဲ့ ဗိုလ်ချုပ်လမ်းမပေါ် ယာဉ်ကြောရှုပ်ထွေးမှုကို သိသိသာသာလျော့ကျသွားနိုင်တာမို့ ယာဉ်မတော်တဆမှုတွေလည်းလျော့ကျသွားမှာဖြစ်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

လင်းလက်ကြယ်စင်

သတင်းတိုများ

ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး ရုံးခန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သယ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီရုံးခန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်ဝေက အမှာစကားပြောကြားပြီး ရပ်ကွက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇံက ရပ်ကွက်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကော်မတီရုံးခန်းသစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် ပြည်သူများအတွက် မကြာမီကာလတွင် မီးဘေးကာကွယ်ရေး ရေလှောင်ကန်ကို နိုင်ငံတော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်သွားမည် ဖြစ်ကြောင်းသိရသည်။

(၅၀၆)

ခွေးရူးပြန်ရောဂါ အမြန်ကာကွယ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ယခုအခါနွေရာသီကာလသို့ရောက်လာပြီဖြစ်၍ လက်ပံပွင့်ချိန် ခွေးရူးချိန်အဖြစ် လူကြီးသူမများပြောဆိုတတ်ကြပါသည်။ ခွေးရူးရောဂါသည် လွန်စွာကြောက်စရာကောင်းပြီး လူကိုအန္တရာယ်ပေးနိုင်သည့်ရောဂါဖြစ်ပါသည်။ ခွေးကိုက်ခံရပါက မည်သည့်ခွေးဖြစ်ဖြစ် ခွေးရူးရောဂါကာကွယ်ဆေးအမြန်ဆုံးထိုးနိုင်ဖို့လိုအပ်ပါသည်။ အကယ်၍ဆေးမထိုးမိပါက ခွေးရူးရောဂါရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လူ၏ကျန်းမာရေးကို ထိခိုက်နိုင် ပါသည်။

လူစည်ကားသောနေရာများနှင့် လေလွင့်ခွေးများ ပေါများသောနေရာများတွင် ခွေးကိုက်ခြင်းမခံရအောင် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်သလို မိမိကိုယ်တိုင်လည်း သတိဖြင့်သွားလာနေထိုင်တတ်ရန်လိုအပ်ပါသည်။ ရပ်ကွက်အတွင်း ခွေးလေခွေးလွင့်များ ပေါများပါက ရပ်ကွက်နေသူများနှင့် တာဝန်ရှိသူများက အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးရမည်ဖြစ်ပါသည်။

ကိုထွန်းကျော်(ညောင်တုန်း)

မြတ်စောညီနောင်ဘုရားပွဲတော်စည်ကားစွာကျင်းပ

ဝမ်းတွင်း ဖေဖော်ဝါရီ ၁၇

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် တည်ထားကိုးကွယ်သည့် မြတ်စောညီနောင် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့ပြီး ယင်းပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်ဖြင့် စဥ့်ထည်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးရောင်းချခဲ့ကြောင်းသိရသည်။

အဆိုပါ ဘုရာပွဲတော်ကို တပို့တွဲလဆန်း၈ ရက်မှတပို့တွဲလပြည့်ကျော် ၂ ရကအထိ ဘောလုံးပြိုင်ပွဲ၊ မြန်မာ့ရိုးရာနွားပြိုင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပခဲ့ကြောင်းသိရသည်။

"နွားပြိုင်ပွဲမှာတော့ ဘုရားပွဲလာတဲ့ဧည့်သည့်တွေ အရမ်းကြိုက်လို့ ကြိတ်ကြိတ် တိုးစည်ကားတယ်။တောင်သူတွေ နားချိန်မှာ ပြုလုပ်တဲ့ ဗုဒ္ဓပူဇနိယပွဲတော်မို့ ဒီနယ်တစ်ဝိုက်မှာအစည်ကားဆုံးဘုရားပွဲတစ်ခုပဲ"ဟု ဝမ်းတွင်းမြို့တွင် နေထိုင်သူ တစ်ဦးကပြောသည်။

ဌေးလှိုင်(ဝမ်းတွင်း)

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်အမှတ် ကက-၁၃/၄၂/၀၃၂

GREAT LIGHT

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါ

- ကျောင်းကြီးတက်ရန်မလို၊ ကျူရှင်တက်ရန်မလို၊ တစ်နေရာတည်းတွင် ပြီးပြည့်စုံစေရမည်။
- စာသင်ချိန်နှင့် Guide ချိန် တွဲဖက်စီစဉ်ထားသည်။
- ပါမောက္ခ (အငြိမ်းစား)၊ Ph.D, M.Ed, M.Sc, B.Ed, B.Sc တို့မှ ထိရောက်သော သင်ကြားနည်းများဖြင့် သင်ကြားပေးပါမည်။
- ကျောင်းအိပ်၊ ကျောင်းစား လူဦးရေ ကန့်သတ်ထားပါသည်။

အမှတ်(၇)၊ သပိုင်း(၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

မတ္တရာအနောက်ပိုင်း ကိုင်းကျွန်းမြေနုစိုက်ခင်းများတွင် စားတော်ပဲ နုတ်သိမ်း

မတ္တရာ ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အနောက်ပိုင်း ရေဝင်ကိုင်းကျွန်းဒေသများတွင် ဆောင်းသီးနှံအဖြစ် မြေပဲနှင့်အတူ သီးညှပ်အဖြစ် စားတော်ပဲကို ထည့်သွင်းစိုက်ပျိုးကြရာ ယခုအခါ စတင်နုတ်သိမ်းရပြီဖြစ်၍ မြေပဲမပေါ်မီကာလတွင် ဝင်ငွေစတင်ရရှိနေကြကြောင်း သိရသည်။ မတ္တရာမြို့၏ အနောက်ပိုင်းဒေသများသည် ဧရာဝတီမြစ်ရေဝင်သည့် ကိုင်းကျွန်းမြေနုများဖြစ်ကြသဖြင့် မြေပဲ၊ ပဲယဉ်း၊ ဖူးစားပြောင်းတို့ကို ဆောင်းသီးနှံအဖြစ် အဓိကစိုက်ပျိုးကြပြီး နွေသီးနှံအဖြစ် ပဲတီစိမ်းနှင့် နှမ်းတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။ အဆိုပါဒေသများတွင် ဆောင်းသီးနှံမြေပဲနှင့်အတူ စားတော်ပဲနှင့် ပုဂံပဲတို့ကို သီးညှပ် အဖြစ် ထည့်သွင်းစိုက်ပျိုးကြသည်။ ဆောင်းမြေပဲခင်းများအတွင်း မြေပဲပင်တန်း၁၀မြောင်းခြားတစ်ခုတွင် စားတော်ပဲပင်တစ်တန်း ထည့်သွင်းစိုက်ပျိုးကြသည်။ ဆောင်းသီးနှံမြေပဲနှင့်စားတော်ပဲတို့ကို သီတင်းကျွတ်လမှ စတင်စိုက်ပျိုးကြရပြီး စားတော်ပဲသည် တပို့တွဲလပြည့်ဝန်းကျင်တွင် စတင်ရင့်မှည့်သဖြင့် နုတ်သိမ်းနေကြပြီဖြစ်ရာ မြေပဲမဖော်မီတွင် ဝင်ငွေစတင်ရရှိကြကြောင်း သိရသည်။

"မတ္တရာမြို့နယ်မှာ ဆည်ရေသောက် လယ်မြေတွေက မိုးစပါးရိတ်သိမ်းပြီးတာနဲ့ ဆောင်းသီးနှံအဖြစ် ကုလားပဲကို အဓိကစိုက်ပျိုးကြတယ်။ မတ္တရာအနောက်ပိုင်း ရေဝင်ကိုင်းကျွန်းမြေနုပိုင်းတွေကတော့ ဆောင်းသီးနှံ မြေပဲ၊ ပဲယဉ်းနဲ့ ပြောင်းဖူးကို အဓိကစိုက်ကြတယ်။ စားတော်ပဲကို အခင်းသီးသန့်စိုက်ပျိုးသူ နည်းတယ်။ မြေပဲခင်းတွေမှာပဲ သီးညှပ်အနေနဲ့ ထည့်သွင်းစိုက်ပျိုးကြတယ်။ မြေပဲခင်းတိုင်းနီးပါး စားတော်ပဲထည့်စိုက်ကြတယ်။ တချို့က မြေပဲခင်းထဲမှာ စားတော်ပဲနဲ့ ပုဂံပဲကိုလည်း သီးညှပ်အဖြစ်ထည့် စိုက်ကြတယ်။ မြေပဲက တပေါင်းလရောက်မှ ဥဖော်ရမယ်။ စားတော်ပဲက အခုနုတ်သိမ်းရပြီ။ စားတော်ပဲက အပင်လိုက်နုတ်သိမ်းရတာပါ။ ဒီနယ်မှာ စားတော်ပဲသီးစိမ်းကို ခူးဆွတ် ရောင်းချတာမျိုး မရှိဘူး။ စားတော်ပဲအထွက်နှုန်းကတော့ ပုံသေပြောလို့မရဘူး။ မြေဧကအကျယ် အဝန်းကိုလိုက်ပြီး တောင်သူတစ်ဦးကို

စားတော်ပဲ ငါးတင်းကနေ ဆယ်တင်းကျော်အထိရကြတယ်။ စားတော်ပဲ ဈေးနှုန်းက သုံးတင်းဝင်အိတ်တစ်အိတ်ကို ရှစ်သောင်းရတယ်။ စားတော်ပဲက မြေပဲမပေါ်မီမှာ တောင်သူတွေအတွက် အထောက်အပံ့ရတဲ့ ဝင်ငွေသီးနှံပါ" ဟု မတ္တရာမြို့နယ် ရှင်လှကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်လှမင်းက ပြောပြသည်။

ယခုအခါ ဆောင်းသီးနှံအဖြစ် သီးညှပ်ထည့်သွင်း စိုက်ပျိုးထားသည့် စားတော်ပဲများ စတင်နုတ်သိမ်းနေကြပြီဖြစ်ရာ တောင်သူများ ဝင်ငွေစတင်ရရှိနေကြပြီဖြစ်သည်။ ရေဝင်ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးထားသည့် ဆောင်းသီးနှံစိုက်ခင်းများတွင် ကြွက်များ ဝင်ရောက်ဖျက်ဆီးမှုအချို့လည်း ရှိနေသဖြင့် တောင်သူအများစုသည် စိုက်ခင်းပတ်လည်တွင် တစ်ပေခန့်အမြင့်ရှိသည့် ပလတ်စတစ်များကာရံထားကြရကြောင်းလည်း သိရသည်။ မတ္တရာမြို့နယ်တွင် အသားတင် စိုက်ပျိုးမြေဧကပေါင်း ၁၃၄၆၀၁ ဧကရှိပြီး လယ်မြေ ၅၃၄၈၉ ဧကနှင့် ကိုင်းကျွန်းမြေ ၄၈၈၀၆ ဧကရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် လယ်ယာသီးနှံစိုက်ပျိုးရေးကို လုပ်ကိုင်သည့် မြို့နယ်တစ်ခုဖြစ်ကြောင်း သိရသည်။

နန္ဒာမင်းလွင်

ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

သတင်းတို

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်းရှိ အလက ရွှေနံ့သာကျောင်း၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆု ပေးပွဲအခမ်းအနား ကျင်းပခဲ့ရာ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ နေပြည်တော်ခရိုင် ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်ပြီး ပညာရည်ချွန်ဆုပေးပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ညွှန်ကြားရေးမှူး ဦးအောင်မျိုးနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးတို့က ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

နေပြည်တော် ဖရဲတာထွက်ကောင်း တောင်သူများ ဝမ်းမြောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော် ပျဉ်းမနားနှင့် နေပြည်တော် တပ်ကုန်းမြို့နယ် အတွင်းနေ ဒေသခံတောင်သူများ စိုက်ပျိုးသော ဖရဲခင်းများမှ ဖရဲသီးများ လှိုင်လှိုင်ထွက်လာပြီဖြစ်သည်။ ဖရဲသီးဈေးမှာ ယခင်နှစ်ကထက် ပိုမိုဈေးကောင်းသဖြင့် ဖရဲစိုက်တောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုဒေသမှထွက်ရှိသော ဖရဲသီးများကို ရန်ကုန်နှင့် မန္တလေးမြို့များသို့ ၁၀ဘီး၊ ၁၂ ဘီးကားကြီးများဖြင့်လည်းကောင်း၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့ကြသည်။ ထို့အပြင် ရန်ကုန်- မန္တလေးကားလမ်းဘေးတွင်လည်း လက်လီရောင်းချကြသည်။ "ဖရဲခင်းက နှစ်ဧကမပြည့်ဘူး၊ စိုက်ပျိုးချိန်က သုံးလခန့်ရှိပြီး တစ်ရက်ခြား၊ နှစ်ရက်ခြားရေလောင်းပေးရတယ်၊ ရာသီကုန်ချိန်အထိ မျိုးစေ့၊ မြေသြဇာ၊ စက်သုံးဆီစရိတ်အားလုံး ၁၀ သိန်းကျော်ရှိတယ်။ အခုပေါ်ဦးပေါ်ဖျားမှာ ဖရဲသီးအလုံးကြီးတစ်လုံးကို ကျပ် ၂၀၀၀၊ အသေးကို ကျပ် ၁၅၀၀ လောက်ရတော့ တွက်ခြေကိုက်တာပေါ့၊ အစောပိုင်းက နှင်းခါးရိုက်ထားတော့ အသီးတွေလှမယ် တောင် မထင်ဘူး"ဟု ငါးစိမ်းအင်းကျေးရွာမှ ဖရဲစိုက်တောင်သူ ဦးဝင်းနိုင်ကပြောသည်။

ဖရဲစိုက်ရာတွင် ၈၅၅ မျိုးနှင့် ၁၆၄ အမျိုးအစား ဖရဲကြားမျိုး နှစ်မျိုးစိုက်ကြပြီး အလုံးကြီး၍ အချိုဓာတ်ပိုသော ၈၅၅ မျိုးကိုစိုက်ပျိုးကြကြောင်း၊ မျိုးစေ့တစ်ထုပ်လျှင် ကျပ် ၁၅၀၀၀ နှင့် မျိုးစေ့ လေးထုပ်အပါအဝင် မြေသြဇာ ပိုးသတ်ဆေး၊ လုပ်သားစရိတ်တစ်ဧကကျပ် ခုနစ်သိန်းခန့် အရင်းရှိ၍ ပြန်လည် ရရှိငွေမှာ ကျပ် ၁၁ သိန်းခန့်ရှိရာ တစ်ဧက လေးသိန်းခန့်မြတ်စွန်းကြောင်း သိရသည်။ ရာသီဥတု၊ မြေသြဇာ၊ ရေရရှိမှု၊ သီးနှံပေါ်ချိန်ဈေးကောင်းရမှုတို့အားလုံးကိုက်ညီသောအခါ တောင်သူတို့အဆင်ပြေကြပြီး ထိုအချက်များ ချွတ်ယွင်းသောအခါ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသော်လည်း တောင်သူများအနေဖြင့် ထိုအလုပ်ကိုစွန့်လွှတ်မည်မဟုတ်ကြောင်းသိရသည်။

ကိုကိုနေ

ကွန်ကရစ်ကျောက်ချောလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုလွှတ်တော်သည် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မြို့နယ်လျှင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်းတစ်ထောင် စီချထားပေးလျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်တွင်လည်း အချိုးကျရရှိငွေ ကျပ် ၄၈၃၀၆၀၀ ရှိရာ ပြူးကုန်းတောရကျောင်းလမ်းကို ပြည်သူများမှ ထည့်ဝင်ငွေကျပ် ၁၄၈၀၀၀၀ ပူးပေါင်းပါဝင်လှူဒါန်းခဲ့ပြီး ကုန်ကျငွေကျပ် ၁၉၆ သိန်းကျော်ဖြင့် အကျယ် ၁၄ ပေ၊ အရှည် ပေ ၁၅၀၀၊ အမြင့် ၆လက်မ ရှိသော ပြူးကုန်းတောရကျောင်းလမ်းကို လမ်းခင်းခဲ့ကြောင်းသိရသည်။

လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့ပြီး မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအောင်ဆန်းမြင့်နှင့် ဦးစောဆန်နီချန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်တင့်၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးရှိန်မင်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

သီပေါ၌ ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက်သနပ်ခါးနံ့သာသိမ်း ပူဇော်ပွဲကျင်းပ

သီပေါ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော်၏ ဩဝါဒကို ခံယူ၍ တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းသား ဗုဒ္ဓနွယ်ဝင်များ၏ ရိုးရာယဉ်ကျေး မှုအစဉ်အလာမပျက် သနပ်ခါးနံ့သာ (လွန်လို-ဟံပူပင်) သိမ်းပူဇော်ပွဲကို (တပို့တွဲလပြည့်နေ့) ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီက မဟာမြတ် မုနိဘုရားကြီး ရင်ပြင်တော်၌ ကျင်းပရာ ဒေသခံတိုင်းရင်းသားများက နံ့သာပင်များကို ဘုရားကျောင်းဆောင် ပြသာဒ်ပုံသဏ္ဌာန် ပြုလုပ်လျက် မြို့တွင်းသို့ လက်ယာရစ်လှည့်အပူဇော်ခံကြသည်။

ရှေးဦးစွာ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသိရီအရှင်သူမြတ်ထံမှ ဩဝါဒကထာနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မဟာမြတ်မုနိဘုရားကြီးအား သနပ်ခါးနံ့သာဆီမီး (လွန်လို) ပူဇော်ပွဲတွင် သီပေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ရှမ်းတိုင်းရင်းသားကြီးများဖြစ်သော ဦးစိုင်းသန်းအေးနှင့် လုံးလိုင်းသာဦးတို့က စတင်မီးထွန်းညှိပေးပြီး ဒေသခံတိုင်းရင်းသား ဗုဒ္ဓနွယ်ဝင်များက ပါဝင်ကုသိုလ်ယူ ဆီမီးပူဇော်ကြသည်။

အဆိုပါ မြတ်ဘုရား ရှမ်းသနပ်ခါးနံ့သာ (လွန်လို) ပူဇော်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းလွန်းအေးနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ မြို့နယ်ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးကော်မတီဝင်များ၊ တောင်မြို့ရပ်ကွက် ထိန်းချေဟိန်းစံ၊ လွန်ကျောင်း၊ နောက်ဘက်ပွာသယ်၊ ကျောင်းစု၊ ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားများက ရှမ်းအိုးစည်များနှင့် ရှမ်းရိုးရာယဉ်ကျေးမှု အကအလှများဖြင့် စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

သတင်းတို

ကျိုက်လတ်မြို့နယ်လုံး ဆိုင်ရာ ရိုးရာထမနဲပြိုင်

ကျိုက်လတ် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အားကစားကွင်းတွင် မြို့နယ်လုံးဆိုင်ရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ မြို့ပေါ်ရပ်ကွက်ကျေးရွာအုပ်စုများမှ အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲစတင်သည်နှင့် အသင်းအားလုံးတစ်ပြိုင်နက်ယှဉ်ပြိုင်ကြရာ မိမိထိုးသည့် ထမနဲအိုးများ အချိန်မီပြီးစီးခြင်း၊ အပျော့အမာ၊ အရောင်အဆင်း၊ အနံ့အရသာ၊ အချိုးအစားကျနမှု၊ စည်းလုံးညီညွတ်မှု၊ ကြိုးစားအားထုတ်မှုတို့အပေါ်ကြည့်ပြီး အမှတ်ပေးခဲ့ကြသည်။ ထိုပြိုင်ပွဲတွင် တိလောကမာရဇိန်ဘုရားကြီး ရောင်တော်ဖွင့်အဖွဲ့မှ နှစ်နှစ်ဆက်တိုက် ပထမဆု ဆွတ်ခူးသွားခဲ့သည်။ **အသောက**

မြို့ပြနှင့် ကျေးလက်အတွက် သောက်သုံးရေ ရရှိရေးဆောင်ရွက်

ကလေး ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ တိုးတက်လာသည့် လူဦးရေနှင့်အတူ မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ မြို့ပြနှင့်ကျေးလက် တန်းတူရည်တူ လူမှုဘဝမြင့်မားရေးကို အထောက်အကူပြုရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရန်အတွက် ရေရရှိရေးနှင့် လူမှုရေးမှအစ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန်ယူလျက် ကလေးမြို့တွင်း မြို့ပြရေပေးရေး လုပ်ငန်းအဖြစ် တောင်ဖီလာနှင့် တပ်ဦးသီတာ ရပ်ကွက်များတွင် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေကန်များ တည်ဆောက်ပေးခြင်း၊ ပင်လုံ၊ စမ်းမြို့၊ မင်္ဂလာဥယျာဉ်၊ တပ်ဦးသီတာ၊ တောင်ဖီလာကြို့သုံးပင်၊လှိုင်သာယာ ရပ်ကွက်များတွင် ရေကန်များ တည်ဆောက်ပေးခြင်း လုပ်ငန်းများကို စည်ပင်သာယာရေး ခွင့်ပြုရန်ပုံငွေမှ စုစုပေါင်း ကျပ် ၂၇၉ ဒသမ ၁၇သိန်း အကုန်အကျခံလျက် ဆောက်လုပ်ပြီးစီး ပြီဖြစ်သည်။

ထိုနည်းတူ ကလေးမြို့နယ်တွင်လည်း ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် ကြံစက်ကုန်းနှင့် ရာဇဂြိုလ်ကျေးရွာများတွင် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ စော်ဘွားရေရှင်ကျေးရွာတွင် ရေလှောင်ကန်ပြုပြင်ပေးခြင်း၊ ချင်းကင်း၊ ငါးဖား၊ မြောက်စည်းကျေးရွာများတွင် စက်ရေတွင်းများ တူးဖော်ခြင်းလုပ်ငန်းများကို စည်ပင်သာယာရေးခွင့်ပြုရန်ပုံငွေမှ စုစုပေါင်းကျပ် ၂၇၉ ဒသမ ၁၇ သိန်းကို အကုန်အကျခံ၍ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ယင်းကဲ့သို့ ရပ်ကွက်နှင့် ကျေးရွာများတွင် ရေရရှိရေးနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအတွက် သောက်သုံးရေသာမက အိမ်ခြံစိုက်ပျိုးရေး၊ မီးဘေးလုံခြုံရေးတို့အတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

မိုးများခဲ့မှုကြောင့်ပင်လေးကြက်သွန်ဈေးမြင့်တက် ပြည်တွင်းသို့လှောင်မှုဝယ်ယူသူနည်းပါး

မန္တလေး ဖေဖော်ဝါရီ ၁၇

၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်ခရိုင်တို့တွင် မိုးများခဲ့ရာ မိုးနည်းလွတ်ခဲ့သည့် မြစ်သားခရိုင်မှ ပင်လေးကြက်သွန်များသာ ဈေးကွက်အတွင်း ရောင်းချနိုင်ခဲ့ခြင်းကြောင့် ကြက်သွန်ဈေးများ မြင့်တက်ခဲ့သည်။

"နတ်တော်၊ ပြာသို၊ တပို့တွဲတို့တွင် မြစ်သားခရိုင်၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်ခရိုင်တို့မှပင်လေးကြက်သွန် အမျိုးအစားထွက်ရှိကြောင်း၊ ပင်လေးကြက်သွန်သည် အစိုဓာတ်များပြီး မခြောက်၍ကြာရှည်စွာအထားမခံခြင်းကြောင့် ပြည်တွင်းသာစားသုံးကြကြောင်း၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကို ရံဖန်ရံခါတင်ပို့မှုများရှိကြောင်း" စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ ဦးဝင်းမြင့်ကပြောခဲ့သည်။

"ပင်လေးကြက်သွန် တစ်ပိဿာ အမြင့်ဆုံးဈေး ကျပ်၇၅၀မှ အနိမ့်ဆုံးဈေး ကျပ်၃၅၀အကြီးအသေးအရွယ်အစားအလိုက်ပွဲရုံတွင် ဈေးဖြတ်ရောင်းချပေးနေပြီး ကြက်သွန်ဈေးများ မြင့်လာခြင်းကြောင့် ဝယ်ယူသူနည်းပါးကြောင်း၊ရာသီဥတုဖောက်ပြန်မှုကြောင့် ကြက်သွန်ဈေး မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ပင်လေးကြက်သွန် များကိုမြစ်သားခရိုင်မှ တူးဖော်မရောင်းရင် ကြက်သွန်မရှိတော့၍ ဈေးမြင့်ရောင်းချနေရခြင်းဖြစ်ကြောင်း"ရွှေမန်းလှပွဲရုံမှသိရသည်။ **သီဟကိုကို(မန္တလေး)**

ဥတုရာသီ တောကိုမှီ၏

ညောင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာ ငရုတ်စိုက် တောင်သူများဖြစ်ထွန်း အောင်မြင်လျက်ရှိ

ညောင်ဦး ဖေဖော်ဝါရီ ၁၇

ညောင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာမှ တောင်သူများသည် လက်ပန်ခြေပေါ် မြစ်ရေတင်ငါ့သရောက်နှင့် နီးသော်လည်း ကုန်းမြင့်ကျသော မြေကွက်များပေါ်တွင် မြစ်ရေတင်ရေ မရရှိနိုင်သော မြေများပေါ်တွင် စက်ရေတွင်းများဖြင့် ရေပေးသွင်းပြီး ငရုတ်ပင်များ စိုက်ပျိုးထားရှိရာအောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည်ကို သိရသည်။

"ငရုတ်ပင်များကို ဝါခေါင်၊ တော်သလင်း မိုးရွာစဉ်က စိုက်ခဲ့ကြတယ်။ ဒီနှစ်တော့ နောက်ပိုင်း မိုးကလည်းကောင်းတယ်၊ မိုးလယ်တုန်းကလည်း မိုးကောင်းတယ်၊ ဒီတော့ တောင်သူကြိုက် မိုးများရွာတော့ ငရုတ်ပင်စိုက်တောင်သူတွေ အဆင်ပြေတာပေါ့" ဟု ရွာသစ်ကုန်း ငရုတ်စိုက် တောင်သူတစ်ဦးထံမှ သိရသည်။

"တောင်သူတစ်ဦး ငရုတ်စိုက်တော့မယ်ဆိုရင် ဝါဆိုလထဲကပြင်ဆင်ပျိုးထောင်ရတယ်၊ ဝါဆိုလပြည့်ဆိုရင် ငရုတ်အစေ့လေးတွေကို လေးပြည်၊ ငါးပြည်၊ ခြောက်ပြည်စသည်ဖြင့် မျိုးဖောက်ရတယ်။ အလျား ၁၅ တောင်၊ အတောင် ၂၀၊ အနံ ၂ တောင်ထွာ စိုက်ပေါင်လုပ်ပြီး ပထမ ငရုတ်စေ့ပက်တယ်၊ ဒုတိယ နွားချေးဖုံးရတယ်၊ အဲဒီအပေါ်ကိုမှ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ရေမွှားပုံးနဲ့ ရေဖျန်းပေးရတယ်။ ငါးရက်၊ ခြောက်ရက်လောက်ဖျန်းပြီး အညှောက်ကုန်းလာတယ်။ တစ်ပတ်၊ ၁၀ ရက် ပြည့်ရင် အပင်ပေါက် စုံလာတာပေါ့။ ဒါဆိုရင် ရေဖျန်းမှု လျှော့လို့ရပြီပေါ့။ ညနေတိုင်း ရေဖျန်းပေးရတယ်။ အဲဒီလိုနဲ့ ငရုတ်ပျိုးခင်းထဲမှာ ၄၅၊ ၅၀ ရက်လောက် ညနေတိုင်း နေ့စဉ် ရေဖျန်းပေးရတယ်။ အဲဒီလို ပျိုးခင်းထဲမှာရှိနေစဉ် ငရုတ်စိုက်မယ့်မြေကိုလည်း နွားချေး၊ ဆိတ်ချေးတို့နှင့် ထွန်ယက်ပြုပြင်ထားရတယ်။ ဒေသအခေါ် ကန်ဆင်းမိုးနှင့် ကြည်မိုးရွာချိန်ကိုက် ပြီးပျိုးထောင်ရတာပေါ့။ ကန်ဆင်းနှင့် ကြည်မိုးကြားတွင် ရွာသောမိုးကို ကြားမိုးဟုခေါ်သည်။ အဲဒီမိုးတွေရွာမှ ပျိုးခင်းထဲမှ ပျိုးပင်တွေ နုတ်ပြီး စိုက်ခင်းထဲကို ရွှေ့စိုက်ရတယ်။ စိုက်ခင်းမှာလည်း မိုးနပ်အောင်ရွာမှ စိုက်ရတယ်။ လူဘယ်လောက်လုပ်လုပ် မိုးလုပ်မှရတယ်ဆိုတာ ကျွန်တော်တို့ ငရုတ်စိုက် မိုးကောင်းကြိုက် တောင်သူတွေကို ပြောတာဖြစ်မယ်။ စိုက်ပြီးဆိုရင်တော့ တစ်ဧကစိုက်ကွင်းကို ငရုတ်စေ့လေးပြည်လောက်ကုန်တယ်။ စိုက်ပျိုးအရင်းက နည်းပါးတယ်။ ဒါပေမယ့် ပျိုးထောင်စရိတ်နှင့် စိုက်ခင်းထဲ ရွှေ့စိုက်စရိတ်တွေနှင့် အရင်းအနှီးက ကြီးတယ်။ ဓာတ်မြေဩဇာစရိတ်တန်ဖိုးကလည်း ကြီးတယ်။ ပိုးသတ်ဆေးတွေကလည်း ဈေးကြီးပေးရတယ်။ နတ်တော်၊ ပြာသိုလတွေမှာ စက်တွင်းတွေနှင့် ရေသွင်းရတယ်။ ရေသွင်းတဲ့အခါမှာလည်း တစ်နာရီလျှင် ငွေကျပ် ၂၅၀၀ ပေးရတယ်။ တစ်ဧကကို ဆယ်နာရီလောက်ရှိမှ နူးနပ်တယ်။ နတ်တော်လမှာ နှစ်ကြိမ်၊ ပြာသိုလမှာ နှစ်ကြိမ်၊ တပို့တွဲလမှာ တစ်ကြိမ် အားလုံး စက်ရေတွင်းကရေကို ငါးကြိမ်လောက် သွင်းတော့ တစ်ဧကကိုတစ်သိန်းကျော်လောက် စက်ရေတွင်းက ရေဖိုးကို ပေးရတယ်။ တစ်ဧကကိုငရုတ်သီးတင်း၈၀လောက်ထွက်တော့ တောင်သူတွေမှာလည်း ပွတ်စားတိုက်စား နည်းနည်းလောက်ပဲ ကျန်တော့တာဘဲ။ တောင်သူဆိုတော့ ဒါပဲလုပ်တတ်တာဆိုတော့ ဒီငရုတ်ပဲလုပ်ရတာပဲ ဒီနှစ်မှာတော့ ငရုတ်သီးဈေးကလည်း မဆိုးဘူး တွက်ချေကိုက်နိုင်ပါတယ်"ဟု ရွာသစ်ကုန်းကျေးရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးထံက ရှင်းပြသည်။

"ယခုရက် ပေါက်ဈေးမှာ ငရုတ်သီးအစို တစ်တင်းလျှင် ငွေကျပ် ၃၅၀၀ ရောင်းရသည်။ ငရုတ်အစိုအချိန်ဆိုလျှင် တစ်ပိဿာ လေးရာကျော် ငါးရာလောက် ရောင်းရကြောင်း တစ်တင်းကိုခုနစ်ပိဿာရှိတော့ ငွေကျပ် ၃၅၀၀ ကျော်ပတ်ဝန်းကျင်ပဲ ရပါကြောင်း" ဟု ငရုတ်စိုက်တောင်သူများထံမှ သိရသည်။

ကျော်ဌေး

ကျောင်းကုန်းမှသွေးလှူရှင်အဖွဲ့ သွေးအိတ်ပေါင်း ငါးထောင်လှူဒါန်းနိုင်ခဲ့

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် လူမှုရေးအသင်းအဖွဲ့များ ထူထောင်ထားရှိသည့်အနက် စေတနာရှင် သွေးလှူရှင် ၂၀၀၀ခန့်ကို ၂၀၀၄ ခုနှစ်မှစတင်၍ ဖွဲ့စည်းထူထောင်ထားကြောင်း သိရသည်။ အဆိုပါသွေးလှူရှင်များသည် မေတ္တာမွန်စေတနာရှင်၊ ကရုဏာရှင်များ သွေးလှူရှင်အဖွဲ့အမည်ဖြင့် ဖွဲ့စည်းထားရာ ထိုအဖွဲ့ (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကိုးကြိမ်မြောက်သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ ရက်က အဖွဲ့ခေါင်းဆောင် ဦးလှိုင်မျိုးဆွေ ဦးဆောင်သောအဖွဲ့က ကျောင်းကုန်းမြို့မှ စေတနာရှင်မှန်လုံကားဖြင့် ရန်ကုန်မြို့ရှိရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် သွေးများ လာရောက်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

လှူဒါန်းပွဲတွင် ကျောင်းကုန်းမြို့နှင့် ရန်ကုန်မြို့မှ သွေးလှူရှင် ၂၄၃ ဦးတို့က စုပေါင်းလှူဒါန်းကြခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၊ ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့တို့က နံနက်စာအစားအစာများ လှူဒါန်းခဲ့ကြသည်။ အဆိုပါအဖွဲ့ကြီးသည် ၁၀ နှစ်တာကာလအတွင်း သွေးအိတ်ပေါင်း ၅၀၀၀ခန့် လှူဒါန်းခဲ့ကြောင်းသိရသည်။ **၃၆၅**

ရွှေလျားစာကြည့်တိုက်လုပ်ငန်း တစ်လလျှင် ရပ်ကွက်လေးခု၌ ဆောင်ရွက်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပုဇွန်တောင်မြို့နယ် အမှတ်(၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ ရွှေလျားစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက်ကကျင်းပခဲ့သည် ညှိနှိုင်းအစည်းအဝေးတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား သုတနှင့်ရသစာအုပ်များကို အခမဲ့ဖတ်ရှုနိုင်အောင် ရက်သတ္တတစ်ပတ်ကြာငှားရမ်းပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ပြောကြားခဲ့သည်။ ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းကိုတစ်ပတ်လျှင်တစ်ရပ်ကွက်နှုန်းဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဒုတိယပတ်ကာလအတွင်း စီမံချက်ပါအတိုင်း ဆောင်ရွက်ခဲ့ပြီး တစ်လလျှင် ရပ်ကွက် လေးရပ်ကွက်တွင် ရွှေ့လျားစာကြည့်တိုက်များ ထူထောင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စန္ဒာမိုး

စာပေဆုရသူများအား ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးဆောင်ရွက်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုရရှိသူများအား ဆုချီးမြှင့်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကန်တော်ကြီးကရဝိက်ဟိုတယ်၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နှစ်ပေါင်း ၁၀၀ သက်တမ်းရှိပြီဖြစ်သော တိုင်းရင်းသားလူမျိုးစုံပါဝင်သည့် ကြေးတိုင်နှင့်မြေစာရင်းဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံသည့် ပြည်ထောင်စုနေ့တွင် ကျင်းပရခြင်းမှာ နိုင်ငံ့ဝန်ထမ်းဘဝတွင် စည်းလုံးညီညွတ်စွာတာဝန်ထမ်းဆောင်ခဲ့ကြသလို လူမှုရေးလုပ်ငန်းများတွင်လည်း ညီညွတ်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို ရည်စူး၍ကျင်းပခြင်းဖြစ်ကြောင်း အသင်းနာယက ဦးသိန်းဇံ၊ အသင်းဥက္ကဋ္ဌ ဦးဝင်းထွန်းနီ၊ ဘဏ္ဍာရေးမှူး ဦးမန်းစိုးဟန်နှင့် အသင်းဒု-ဥက္ကဋ္ဌ ဦးသန့်တို့က ပြောကြားသည်။

ထို့နောက် အသင်းကိုပြန်လည်ဖွဲ့စည်းရာ ဥက္ကဋ္ဌ ဦးဝင်းထွန်းနီပါဝင်သော အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၄ ဦးကို ဖွဲ့စည်းကာ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် မိသားစုဝင် ၃၀ ဦးအားဆုချီးမြှင့်ခြင်း၊ အသက် (၇၅) နှစ်အထက် သက်ကြီးအသင်းဝင် ၅၂ ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့်ပူဇော်ကန်တော့ကြသည်။ ထို့နောက် စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆုရ အသင်းဝင်စာရေးဆရာများအား အမှတ်တရဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သန်းဦးလှိုင်

မံမလင်းကျေးရွာ စက်ရေတွင်းတူးဖော်ရေးဆောင်ရွက်

ဗန်းမော် ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မံမလင်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် နှစ်လက်မ စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုများကို ဖေဖော်ဝါရီ ၆ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအေးမင်းခိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

Union Civil Service Board

ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း

[illegible]

၁။ [illegible]

စဉ်	ဌာန	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	[illegible]	[illegible]	၅ နေရာ	[illegible]
		[illegible]	၅ နေရာ	[illegible]
(ခ)	[illegible]	[illegible]	၂ နေရာ	[illegible]
			၃ နေရာ	[illegible]
			၁ နေရာ	[illegible]

၂။ [illegible]

(က) [illegible]

(ခ) [illegible]

(ဂ) [illegible]

[illegible]

... Website ... ucsb.imis.com.mm နှင့် www.ucsb.gov.mm ... [illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

Union Civil Service Board

ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း

[illegible]

၁။ [illegible]

ရာထူး	လစ်လပ်	ပညာအရည်အချင်း
[illegible]	[illegible]	[illegible]
	[illegible]	[illegible]
	[illegible]	[illegible]
	၄ နေရာ	[illegible]

၂။ [illegible]

(က) [illegible]

(ခ) [illegible]

(ဂ) [illegible]

[illegible]

... Website ... ucsb.imis.com.mm နှင့် www.ucsb.gov.mm ... [illegible]

Cambridge University [illegible] Native and Local Instructor [illegible] Cambridge University [illegible]

GETC

Opening in February

Basic English
Communicative English
IELTS
General English
Business English

537895, 502775, 530097

www.getc-languagecenter.com [illegible]

N-3

[illegible]

(Private and Boarder)

Ph: 01-8551095, 09-420046938

ကံ့ကော်ရွှေပြည်

B.A, H.G.P, R.L, D.I.L, DMA, D.B.A (USA), Ph.D (Law) (USA)

[illegible]

ကံ့ကော်ရွှေပြည်

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်

မတ်လ

[illegible]

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဦးမြင့်ဇော် အသက်(၄၇)နှစ်
၁၈-၂-၂၀၁၂ မှ ၁၈-၂-၂၀၁၄
FITTER(F.G)
MONSOON MARITIME SERVICES Co.,Ltd;

သတိရတမ်းတခြင်းများနှင့်အတူ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုခဲ့သမျှ ကောင်းမှုကုသိုလ်များကို ပြုလုပ်အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး-ဒေါ်ခင်မော်သန်း(ခ)ဒေါ်ဘိုမ
သဃ်န်းကျွန်း

ကျေးဇူးတင်ရှိခြင်း

၁၁-၂-၂၀၁၄ ရက် နံနက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်နီနီ(ကျောက်မဲ)၏ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြပါသော ရပ်မိရပ်ဖများနှင့် ဆွေမျိုးမိတ်သင်္ဂဟများကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဟာဂျီမ ဇိုင်နတ်ဘီ(ခ)ဒေါ်စန်းယုဝေ
အသက်(၆၈)နှစ်
(ဝေါမြို့)

၁၂-၂-၂၀၁၄ ရက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားသော ဟာဂျီမဇိုင်နတ်ဘီအား လွန်ခဲ့သည့် (၁၂)နှစ်မှ ကွယ်လွန်ချိန်အထိ မိသားစုသဖွယ် ကုသစောင့်ရှောက်ပေးခဲ့ပါသော ပါမောက္ခ ဦးဝင်းနိုင်(အသည်းအထူးကုဆရာဝန်ကြီး)နှင့် S.S.C (ရွှေဂုံတိုင်ဆေးရုံ)မှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ၊ ဆေးရုံတက်ခဲ့သမျှ ကာလပတ်လုံး လိုလေသေးမရှိ ပြုစုကျွေးမွေးခဲ့သော ညီအစ်ကိုမောင်နှမများ၊ နာရေးကိစ္စအဝဝအား မေတ္တာဖြင့်လိုက်လံပို့ဆောင် ကူညီခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးမှ တယ်လီဖုန်းဖြင့်ဝမ်းနည်းကြောင်း သတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကိစ္စတွင် ကားအကူအညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု၊ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့

[illegible] (၅)ခု နှင့် [illegible]
[illegible] ၂၁-၂-၂၀၁၄ [illegible]
[illegible] ၀၁ ၂၄၁၈၈ / ၀၉ ၅၁ ၅၅၆၅၄

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၂၉ ရပ်ကွက်၊ ခွန်နီ(၃)လမ်း၊ အမှတ်-၁၀၆၊ တစ်ထပ်အဆောက်အအုံနှင့်ယှဉ်းနေအိမ်တည်ရှိရာ မြေကွက်မှာ အမွေဆိုင်ပစ္စည်းဖြစ်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ အမှတ်-S/၁၀နေ ဦးကံချွန်[၁၂/သဃက(နိုင်) ၁၅၇၄၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အမွေဆိုင်မြေနှင့်အိမ်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနၛ ဦးလှိုင်အမည်ပေါက်၍ ဦးလှိုင်နှင့်ဒေါ်သန်းတင်တို့ ပိုင်ဆိုင်သော မြေကွက်နှင့် နေအိမ်ဥပစာဖြစ်ပြီး ၎င်းတို့ကွယ်လွန်သွားပြီးနောက် သားသမီးအရင်းများဖြစ်ကြသော ဦးကံချွန်၊ဦးကံမော်၊ ဦးသက်ပိုင်၊ ဒေါ်သီတာလှိုင်တို့၏ အမွေဆိုင်မြေကွက်နှင့်နေအိမ်ဥပစာဖြစ်ပါသည်။ အဆိုပါမြေအိမ်နှင့်ပတ်သက်၍ အမွေဆိုင်(၁)ဦးဖြစ်သူ ဦးကံချွန်၏ သဘောဆန္ဒတစ်စုံတစ်ရာမပါရှိဘဲ အခြားသူတစ်ဦးမှသော်လည်းကောင်း၊ အခြားအမွေဆိုင်တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအစရှိသည်တို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း(LL.B,D.B.L,D.M.L)	**ဒေါ်ခင်သူသူသန်း(LL.B,LL.M)**
